ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့ (21-3-2011) (၆၇၁၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူတွေရဲ့ ရင်နှစ်သည်းချာ

ဒို့တပ်မတော်သားတွေဟာ ပြည်သူကြားက မွေးဖွားလာသူတွေဖြစ်တယ်။ ဒို့ဟာ ပြည်သူတွေရဲ့ ရင်နှစ်သည်းချာတွေ ဖြစ်တာနဲ့အညီ ရောက်ရာဒေသ၊ ကျရာတာဝန်မှာ တွေ့ရတဲ့ ပြည်သူလူထုကို ကိုယ့်မိဘအရင်းအချာပဲလို့ သဘောထားပြီး စောင့်ရှောက်ကြ၊ ကာကွယ်ကြ၊ အကျိုးစီးပွားကို ဖော်ဆောင်ပေးကြရတယ်။ မိဘပြည်သူတွေဟာ ကိုယ့်သားသမီးဖြစ်တဲ့ ရဲဘော်တို့ကို ချစ်ခင်ရင်းစွဲ ရှိပြီးသားဖြစ်တယ်။ တပ်မတော်သားတွေကလည်း အနာဂတ်မှာ နိုင်ငံတော်ကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတွေ သာယာဝပြောဖို့အတွက် စိုက်ပျိုးရေး၊ စက်မှု၊ လျှပ်စစ်စွမ်းအင်၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေးနဲ့ ပညာရေး စတဲ့ ကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးရေးအခြေခံကောင်းတွေကို တည်ဆောက်ပေးလျက်ရှိတယ်။ ယခုလို လုပ်ဆောင်ပေးနေခြင်းဟာ ဂုဏ်ယူမောက်ကြွားစရာ မဟုတ်ဘဲ တပ်မတော်သည် ပြည်သူ့အတွက်ဆိုတဲ့မူအရ ဆောင်ရွက်နေခြင်းဖြစ်တယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၆၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ-

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး အောင်သီရိဖောင်ဒေးရှင်းက လှူဒါန်းသည့် မီးသတ်ယာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်၌ ကျင်းပသည့် အောင်သီရိဖောင်ဒေးရှင်း၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို ဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၂၀

အောင်သီရိဖောင်ဒေးရှင်း၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို ဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်ချီးမြှင့်ပြီး အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့- အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ခရိုင်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အောင်သီရိဖောင်ဒေးရှင်း နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မီးသတ်ယာဉ်လှူဒါန်း

ရှေးဦးစွာ မီးသတ်ယာဉ်လှူဒါန်းပွဲနှင့် တစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ကျည်တောင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ တစ်ထပ်ကျောင်းဆောင်သစ် ဥပစာ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်သီရိဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးဇော်ဇော်က မီးသတ်ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးသန်းထံသို့ လွှဲပြောင်းပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ကြေးမုံ The Mirror

၂၁-၃-၂၀၁၁
(တနင်္လာနေ့)

အစေးထွက်ကောင်းရော်ဘာ တိုးချဲ့စိုက်ပျိုးအကျိုးဖြစ်ထွန်း

၂၀၁၀နှစ်ကုန်ပိုင်းနှင့် ၂၀၁၁ နှစ်ဆန်းပိုင်းတို့တွင် လေပွေလှိုင်းများကြောင့် ဆောင်းမိုးရွာသွန်းခဲ့ရာ ရော်ဘာစိုက်ပျိုးမြေများ အစိုဓာတ်ပိုရသည်။ အပင်များကို ဘက်စုံသုံးမြေဆီကျွေးနိုင်ကြသည်။ ရော်ဘာအရွက်ကြွေမှု ထိန်းထားနိုင်ပြီး ရော်ဘာအစေးထွက်နှုန်းစံချိန်တင် ထွက်ရှိလာသည်။

မွန်ပြည်နယ်တွင် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသော သဘာဝအခြေအနေကောင်းရှိသည်။ မိုးကောင်းစွာရရှိမှုကြောင့် တစ်နိုင်ငံလုံးတွင် ရော်ဘာအများဆုံးစိုက်ပျိုးထုတ်လုပ်နေသောဒေသဖြစ်သည်။ မွန်ပြည်နယ်သာမက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင်လည်း ရော်ဘာများ စိုက်ပျိုးလာကြသည်။

မွန်ပြည်နယ်သည် ရော်ဘာပြည်နယ်ဖြစ်ရေး ကြိုးပမ်းလျက်ရှိသည်။ ၁၉၈၈ ခုနှစ် မတိုင်မီက ရော်ဘာစိုက်ခင်းဧက ခုနစ်သောင်းကျော်ရှိခဲ့သည်။ နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ယခုအခါ စိုက်ခင်းဧကလေးသိန်းကျော်အထိ ရှိလာပြီ။ ရော်ဘာအစေးလှီးနိုင်သော ဧကပင်နှစ်သိန်းကျော်ရှိသည်။ တစ်ဧကအထွက်နှုန်း ပေါင်ခြောက်ရာကျော်ရှိကြောင်း သိရသည်။

ရော်ဘာသည်စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်သည်။ စက်မှုကုန်ကြမ်း ရော်ဘာနှင့် ဓာတုပစ္စည်းများပေါင်းစပ်ပြီး လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှု တိုးတက်များပြားလာမှုနှင့်အတူ နိုင်ငံတကာဈေးကွက်တွင် ရော်ဘာရောင်းဝယ်မှုများ တွင်ကျယ်ပျံ့နှံ့လာနေသည်။

မြန်မာ့ရော်ဘာကုန်ကြမ်းများ ဈေးကွက်သို့တင်ပို့ရာတွင် အရည်အသွေးမီ ထုတ်လုပ်နိုင်ရေး အလေးထားကြရပေမည်။ ယခုအခါ ရော်ဘာအစေးထွက်နှုန်း မြင့်မားရေးနည်းပညာသစ်များ အသုံးပြုလျက်ရှိသည်။ ဓာတုဗေဒဆေးမှုန့် အသုံးပြုပြီး အရည်အသွေးမီ ရော်ဘာမှိုင်းခံပြားများ စမ်းသပ်ထုတ်လုပ်နေကြပြီ။ အဆိုပါ နည်းစနစ်သည် ရော်ဘာပြားချောမွေ့ပြီး အရောင်လှပသည့်အပြင် စီးပွားရေးအရလည်း တွက်ခြေကိုက်ကြောင်း သိရသည်။

ရော်ဘာစိုက်ပျိုးသူများအတွက် မျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးရေးနည်းပညာများ ကူညီပြသ ဖြည့်ဆည်းပေးနေပြီ။ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသည့် ဒေသတိုင်းတွင် ရော်ဘာစိုက်ခင်းကြီးများကို တွေ့နေရပြီ။ စိုက်ပျိုးထုတ်လုပ်သူများ တိုးတက်လာသကဲ့သို့ နှစ်စဉ် ရော်ဘာထုတ်လုပ်တင်ပို့နိုင်မှု မြင့်မားလျက်ရှိသည်။ အရည်အသွေးမီ အဆင့်မြင့် မြန်မာ့ထုတ်ကုန် ရော်ဘာများ ပိုမိုထုတ်လုပ်တင်ပို့နိုင်မှုနှင့်အတူ အကျိုးစီးပွားဖြစ်ထွန်းမှုများ ပိုမိုရရှိလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း နီပေါဖက်ဒရယ်လ်ဒီမိုကရက်တစ် ရီပတ်ဗလစ်နိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့၏ နှစ်(၅၀) မြောက် သံတမန်ဆက်ဆံရေး ထူထောင်မှု အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နီပေါ-မြန်မာ နှစ်(၅၀)မြောက် သံတမန်ဆက်ဆံရေးထူထောင်မှု အထိမ်းအမှတ် နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှုအက ဖျော်ဖြေတင်ဆက်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၀

နီပေါဖက်ဒရယ်လ်ဒီမိုကရက်တစ် ရီပတ်ဗလစ်နိုင်ငံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တို့၏ နှစ်(၅၀)မြောက် သံတမန်ဆက်ဆံရေး ထူထောင်မှု အထိမ်းအမှတ်အဖြစ် နီပေါနှင့်မြန်မာ ယဉ်ကျေးမှုအဖွဲ့တို့၏ ရိုးရာယဉ်ကျေးမှုအက ဖျော်ဖြေတင်ဆက်ပွဲ အခမ်းအနားကို ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါဖက်ဒရယ်လ် ဒီမိုကရက်တစ် ရီပတ်ဗလစ်နိုင်ငံ သံအမတ်ကြီး Ms. Guna Laxmi Sharma နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နီပေါဖက်ဒရယ်လ်ဒီမိုကရက်တစ် ရီပတ်ဗလစ်နိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက အထိမ်းအမှတ် ဖယောင်းတိုင်ကို ဆီမီးထွန်းညှိပေးကြကာ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါဖက်ဒရယ်လ် ဒီမိုကရက်တစ် ရီပတ်ဗလစ်နိုင်ငံ သံအမတ်ကြီး Ms. Guna Laxmi Sharma က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ နီပေါဖက်ဒရယ်လ် ဒီမိုကရက်တစ် ရီပတ်ဗလစ်နိုင်ငံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တို့၏ နှစ်(၅၀)မြောက် သံတမန်ထူထောင်မှု အထိမ်းအမှတ်အဖြစ် အခမ်းအနားသို့ တက်ရောက်လာကြသူများအား နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် ဝန်ကြီးနှင့် သံအမတ်ကြီးတို့က ဖျော်ဖြေတင်ဆက်ကြသည့် နှစ်နိုင်ငံယဉ်ကျေးမှု အကအဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) ၏ ဦးဆောင်စီစဉ်မှုဖြင့် စီးပွားရေးဆိုင်ရာ ဟောပြောပွဲ(၂/၂၀၁၁)ကို ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) ၌ မတ် ၂၆ (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ရာ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်(အကြံပေး/ကုလသမဂ္ဂ)၊ ဦးတင်ဝင်းအောင် ဥက္ကဋ္ဌ (MIEGA /MCC Group) တို့က (Coporate Social Responsibility) CSR & Beyond ခေါင်းစဉ်ဖြင့် ဟောပြောကြမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲကို Trust and Gain Co., Ltd.မှ Main Sponsor အဖြစ် ပံ့ပိုးကူညီထားကြောင်း သိရသည်။ (ကြေးမုံ)

အနုပညာဆိုင်ရာ နိုင်ငံတကာအဆင့် ဒီပလိုမာသင်တန်း စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၀

အင်္ဂလန်နိုင်ငံ City of Sunderland College မှ တိုက်ရိုက်ချီးမြှင့်မည့် Level-3 Diploma in Performing Arts အနုပညာဆိုင်ရာ နိုင်ငံတကာအဆင့် Diploma သင်တန်း စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားကို မတ် ၁ ရက်တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ Central Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ **(အပေါ်ပုံ)** က အမှာစကားပြောကြား ပြီး City of Sunderland College မှ တာဝန်ခံနှင့် Shwe Sae Entertainment မှ ဒါရိုက်တာတို့က သင်တန်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကြသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်မည့် ယင်းဒီလိုပမာသင်တန်းကို မတ် ၂၄ ရက် (ကြာသပတေးနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး နိုင်ငံတကာ၌ သင်ကြားသည့် စာမေးပွဲဖြေဆိုသော စနစ်မဟုတ်ဘဲ Activity, Task, Assignment တို့ကို ပြည်တွင်းမှ ဝါရင့်အနုပညာရှင်များနှင့် နိုင်ငံတကာမှ ဆရာ၊ ဆရာမများက သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းတွင် နိုင်ငံတကာဆက်ဆံရေးအတွက် Communication English အပြင် Developing Voice for the Actor, Principles of Acting, Applying Acting Styles, Film and TV Acting, Dance Performance, Jazz Dance, Tap Dance, Script Writing, Singing Sill for Actors and Dancers, Developing Movement Skills စသည့် Unit ၁၈ ခုဖြင့် သင်ကြားမည်ဖြစ်သည်။

ယင်း NQF Level-3, Diploma in Performing Arts အနုပညာဆိုင်ရာ ဒီပလိုမာရရှိပြီးပါက ပြည်တွင်း ပြည်ပရှိ အနုပညာဆိုင်ရာလုပ်ငန်းများတွင် သရုပ်ဆောင်/ မန်နေဂျာအဆင့် ရရှိမည်ဖြစ်ပြီး ဆက်လက် ပညာဆည်းပူးလိုပါက နိုင်ငံတကာရှိ တက္ကသိုလ်၊ ကောလိပ်များတွင် နှစ်နှစ် (သို့) သုံးနှစ် ဆက်လက် တက်ရောက်ပြီး အနုပညာဆိုင်ရာဘွဲ့ ရရှိမည်ဖြစ်သည်။ ယင်းသင်တန်းကို အခြေခံပညာအထက်အဆင့်ရှိသူများမှ စတင်တက်ရောက်နိုင်ပြီး သင်တန်းကာလမှာ စာတွေ့ လက်တွေ့ စုစုပေါင်း ကိုးလကြာမြင့်မည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက Shwe Sae Entertainment အမှတ်(၃၇) အခန်း(၂၀၂) အောင်သပြေလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၃၂၉၂၇ နှင့် ၀၉-၇၃၁၃၂၉၂၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

၁၉၇၈ ခုနှစ် ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၂၀

၁၉၇၈ ခုနှစ် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် နောက်ဆုံးနှစ် ဘူမိဗေဒ ကျောင်းသားဟောင်းများ၏ (၁၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၆ ရက် ညနေ ၆ နာရီတွင် M-3 Restaurant ၌ ကျင်းပမည်ဖြစ်ပြီး ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသော ကျောင်းသားဟောင်းများ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ရာ ဦးမြထူး၊ ဦးကျော်ထူး ဖုန်း-၅၅၈၄၆၁၊ ဦးနေဝင်း ဖုန်း-၂၉၅၁၀၃၊ ဦးအောင်မြ ဖုန်း ၀၉-၅၁၀၆၆၃၁၊ ဦးဟံငြိမ်း ဖုန်း-၂၀၂၈၀၂၊ ဦးမြင့်ဖုန်း ဖုန်း-၂၂၂၆၁၃၊ ဦးအောင်ကြိုင် ဖုန်း ၀၉-၅၀၀၂၉၇၄၊ ဦးဇေမျိုးလှိုင် ဖုန်း ၀၉-၈၀၃၂၄၅၈၊ ဦးအောင်မြင့်ကျော် ဖုန်း-၃၇၄၆၄၂၊ ဦးသောင်းလွင် ဖုန်း ၀၉-၅၁၁ ၈၆၅၀၊ ဦးမင်းအောင် ဖုန်း ၀၉-၅၀၅၅၅ ၅၁၊ ဦးစည်အောင် ဖုန်း ၀၉-၅၀၁၉၁၄၀၊ ဦးလှဌေး ဖုန်း ၀၉-၅၀၉၂၆၁၆၊ ဦးယောလှိုင် ဖုန်း ၀၉-၅၁၆၃၁၈၇၊ ဦးအောင်ကျော်ထွန်း ဖုန်း-၅၅၈၃၀၇၊ ဦးတင်အောင်မြင့် ဖုန်း-၅၁၂၁၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၅။ "သက်ရှည်ကျန်းမာ လေ့ကျင့်ပါ"
၈း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၅ ၇။ "စက်မှုတပ်ဆင်လုပ်ငန်းတွင်"
၈း၂၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၃၀ ၉။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ပထဝီဝင်အထူးပြု)(ပထဝီဝင်)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
၅း၁၅ ၈။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၂၅ ၉။ မြန်မာစာ၊ မြန်မာစကား
၅း၃၅ ၁၀။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၁၇)**
၇း၅၀ ၁၅။ "ပြည်သူ့အတွက်တပ်မတော်"
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ "ကမ္ဘာကျော်သရုပ်ဆောင်များ" (အပိုင်း-၁၆)
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာ အိပ်မက်ကမ္ဘာ" (အပိုင်း-၁၂)**
၂၁။ အစီအစဉ်ပြီး၏။

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး အောင်သီရိဖောင်ဒေးရှင်း၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို ဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ထို့နောက် အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် လှူဒါန်းသည့် မီးသတ်ယာဉ်အား ကြည့်ရှုစစ်ဆေးသည်။

ကမ္ပည်းမော်ကွန်းဖွင့်

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် တစ်ထပ်ကျောင်းဆောင်သစ်ရှေ့၌ နေရာယူကြပြီး အောင်သီရိဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသာဌေးက တစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ကျောင်းဆောင်သစ်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ ပြုလုပ်သောအခမ်းအနားမှာ အောင်သီရိဖောင်ဒေးရှင်းက ပုဗ္ဗသီရိမြို့နယ်အတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားဖြစ်၍ နေပြည်တော်မြို့တော်အတွက်သာမက နိုင်ငံတော်အတွက်ပါ ကျက်သရေမင်္ဂလာရှိသည့်နေ့ဖြစ်ကြောင်း၊ အနာဂတ် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းလာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးတို့သည် အဓိကလိုအပ်ချက်များဖြစ်ကြောင်း။

အကျိုးကျေးဇူးများခံစား

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားကာ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအား အထောက်အပံ့ဖြစ်စေမည့် အခြေခံအဆောက်အအုံများကို စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် မြို့ရွာတောပါမကျန် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ပေါ်ထွန်းမှုမှတစ်ဆင့် ရရှိလာသည့် အကျိုးကျေးဇူးများကို ခံစားနေကြရသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ယူစဉ်ကာလတွင် ပေါ်ထွန်းလာမည့် ခေတ်မီနိုင်ငံတော်သစ်ကြီးနှင့် လိုက်လျောညီထွေရှိမည့် အခြေခံအဆောက်အအုံများကို အရှိန်အဟုန်ဖြင့် တည်ဆောက် အကောင်အထည်ဖော်ခဲ့သကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ပြည်ထောင်စုနယ်မြေများနှင့် လွယ်ကူစွာ ကူးသန်းဆက်သွယ်နိုင်ရေးအတွက် ၂၀၀၆ ခုနှစ်မှာ နိုင်ငံ၏ အလယ်ပိုင်းဒေသရှိ မြို့တော်နေပြည်တော်ကို တည်ဆောက်ပေးခဲ့ကြောင်း။

နေပြည်တော်ကို တည်ဆောက်သည့်အခါတွင် မြို့တစ်မြို့၏ အခြေခံလိုအပ်ချက်များဖြစ်သော စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၊ ဈေးနှင့်မီးသတ်စခန်းများ၊ ရဲစခန်းများပါဝင်သည့် လူနေရပ်ကွက်များကို စနစ်တကျ စီမံဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတကာ မြို့တော်အင်္ဂါရပ်များနှင့်အညီ ခေတ်မီဆေးပစ္စည်းကိရိယာအစုံအလင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော ဆေးရုံနှင့် ဆေးရုံကြီးများ၊ အားကစားကွင်းများ၊ အမျိုးသားပရဆေးဥယျာဉ်၊ ခေတ်မီအပန်းဖြေဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်များနှင့် ခေတ်မီကုန်တိုက်ကြီးများ၊ ဟိုတယ်များ၊ ရုံးများ၊ လေယာဉ်ကွင်း၊ ဘူတာကြီး၊ အဝေးပြေးလမ်းမကြီးများ အစရှိသည့် မြို့တော်အင်္ဂါရပ်များကိုပါ ထည့်သွင်းတည်ဆောက်ပေးခဲ့ကြောင်း။

မြင့်မားတိုးတက်လာစေရေး

တစ်ဆက်တည်းမှာပင် နေပြည်တော်နှင့် ဆက်စပ်မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ တည်ဆောက်မှုနှင့်အတူ မြို့နယ်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝများ ဟန်ချက်ညီညီ မြင့်မားတိုးတက်လာစေရေးအတွက်ပါ ဖော်ဆောင်ပေးလျက်ရှိကြောင်း။

ယခုအခါ နေပြည်တော်ကို မူလရှိပြီး မြို့နယ်သုံးမြို့နယ်အပါအဝင် ရှစ်မြို့နယ်အတွင်းပါသော မြို့နယ်များမှ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးလိုအပ်ချက်များကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်အဝန်း ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဖြစ် တိုးချဲ့ဆောင်ရွက်ခဲ့သဖြင့် နေပြည်တော်တွင်ပါဝင်သော မြို့နယ်ချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ ပေါ်ပေါက်လာကာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်သာမက မြို့နယ်အလိုက် ဆေးရုံတစ်ရုံစီနှင့် ပညာရေးအတွက် လိုအပ်သော အထက်တန်း၊ အလယ်တန်းကျောင်းများ စီမံဆောင်ရွက်ပေးထားသဖြင့် မြို့တော်အဆောက်အအုံများ၊ ပတ်ဝန်းကျင်အခြေအနေကောင်းများကို တည်ဆောက်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသားရေး စွမ်းအားစုများဖြစ်သော တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြကြောင်း။

တိုင်းရင်းသား လုပ်ငန်းရှင်ကြီးများနှင့် ဖွဲ့စည်းထားသည့် အောင်သီရိဖောင်ဒေးရှင်းအနေဖြင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း စုစုပေါင်း ၅၅ ကျောင်းရှိသည့်အနက် သက်တန်းရှည်ကြာသဖြင့် ခိုင်မာမှု

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻

အောင်သီရိဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသာဌေး ကျည်တောင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အောင်သီရိဖောင်ဒေးရှင်း အဖွဲ့ဝင် ဦးဇော်ဇော် မီးသတ်ယာဉ်နှင့် ပတ်သက်သော စာရွက် စာတမ်းများကို နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးသန်းထံ လွှဲပြောင်းပေးအပ်စဉ်။
(သတင်းစဉ်)

အောင်သီရိဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးထွန်းမြင့်နိုင် ရွာသစ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကျေးရွာသောက်သုံးရေရရှိရေးအတွက် တူးဖော်ပေးခဲ့သည့် စက်ရေတွင်း ခုနစ်တွင်း၊ လက်နှိပ်တုံကင်ရေတွင်း ၃၂ တွင်းတို့နှင့် ပတ်သက်သည့်စာရွက်စာတမ်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ပုဗ္ဗသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းအောင်ထံ လွှဲပြောင်းပေးအပ်စဉ်။
(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၃-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၄။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၁၅	၆။	စိုက်ပျိုးသုတ
၄း၃၀	၇။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅	၈။	လျှပ်တစ်ပြက်
၄း၄၅	၉။	ဗွီစီဒီကျော်ကြားတေး
၄း၅၅	၁၀။	မီးသတိပေးနှိုးဆော်ချက်
၅း၁၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၂၅)**
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၅။	သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၃)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	Talk Of The Town
	၂၂။	မေးမြန်းစူးစမ်း
	၂၃။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၄။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်၌တည်သောသစ္စာ (အပိုင်း-၁၅)**
	၂၆။	Mini Series
	၂၇။	သင့်အတွက်မနက်ဖြန်
	၂၈။	အပိတ်နှုတ်ဆက်စကား
	၂၉။	ပြီးပါပြီ။

ဥတုရာသီ တောက်ကိုမှီ၏

✻ စာမျက်နှာ ၃ မှ

အားနည်းခြင်း၊ ကျောင်းသားဦးရေ တိုးပွားလာခြင်းတို့ကြောင့် စာသင်ဆောင် လုံလောက်မှုမရှိသော အခြေခံပညာ မူလတန်းအဆင့် ကျောင်း ၃၈ ကျောင်း၊ အလယ်တန်းအဆင့် သုံးကျောင်းနှင့် အထက်တန်းအဆင့် သုံးကျောင်း စုစုပေါင်း ၄၄ ကျောင်းကို ပြုပြင်တိုးချဲ့ အသစ်တည်ဆောက်ပေးခြင်း၊ စာသင်ကျောင်းများအတွက် လိုအပ်သော စာသင်ခုံ စုစုပေါင်း ၂၀၄၄ လုံးနှင့် ဆရာစားပွဲ ၃၈ လုံး၊ ဆရာထိုင်ခုံ ၆၀ တို့ကို ဖြည့်ဆည်းပေးခြင်း၊ အုတ်ညှပ်တစ်ထပ်တိုက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြို အဆောက်အအုံ ဆောက်လုပ်ပေးခြင်းဖြင့် ပညာရည်မြင့်မားရေး လုပ်ငန်းများကိုလည်းကောင်း၊ ပေ ၄၀×၂၈ပေ အုတ်ညှပ်တစ်ထပ် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ပေးခြင်း၊ ပုဗ္ဗသီရိမြို့နယ် ဆေးရုံအမှတ်(၁)အတွက် Incubator စက်တစ်လုံး လှူဒါန်းပေးခြင်းတို့ဖြင့် ကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများကို လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် မီးသတ်စခန်းအတွက် Nissan အမျိုးအစား မီးသတ်ယာဉ်တစ်စီးတို့ကို လှူဒါန်းခြင်းဖြင့် သဘာဝဘေးကာကွယ်ရေး အထောက်အကူပြု လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း။

ထို့ပြင် အောင်သီရိဖောင်ဒေးရှင်း အနေဖြင့် ကျောင်းကုန်းကျေးရွာ၌ ညဏ်တော် ၂၉ ပေရှိ မိုးကောင်းပြည်လုံး ချမ်းသာအောင်စေတီ တည်ထားခြင်း၊ သရက်သမိန်ကျေးရွာ၌ စတုရန်းပေ ၁၇၅၀ ရှိ တည်ဆောက်ဆဲမွှာရုံကို ပြီးစီးအောင် ဆောက်လုပ်ပေးခြင်း၊ ကျည်တောင်ကန် (မြို့မ)ဘုန်းကြီးကျောင်းတွင် စာသင်သား နှစ်ထပ်ဆောင်နှင့် တရားဟောဆောင် ပြုပြင်မွမ်းမံပေးခြင်း၊ ကြိမ်တောမြောင် ဘုန်းတော်ကြီးကျောင်းပြုပြင်ရန် ဘိလပ်မြေအိတ် ၁၅၀၊ ကျည်တောင်ကန် တံခွန်တိုင် ဘုန်းကြီးကျောင်း ခြံစည်းရိုးအုတ်တိုင် အတွက် ဘိလပ်မြေအိတ် ၁၅၀ နှင့် အုတ် သုံးသောင်းတို့ လှူဒါန်းခြင်းဖြင့် သာသနာရေးဆိုင်ရာ ဆောင်ရွက်မှုများကို လည်းကောင်း၊ မအူအောင်းကျေးရွာ၌ မြေကွက် ၂၁၇ ကွက် ဖော်ထုတ်ပြီး အဆိုပါ မြေကွက်များတွင် ကျေးရွာနေ အိမ်ထောင်စု ၁၃၇ စုကို တန်ဖိုးနည်း အိမ်ရာများဆောက်လုပ်ပေးပြီး နေရာချထားပေးခြင်း၊ ကျေးရွာကို စံပြကျေးရွာ အင်္ဂါရပ်များနှင့်အညီ ကျေးရွာ အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ စာကြည့်တိုက်၊ ဆေးခန်း၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်း နှင့် ကျေးရွာလမ်းများ စနစ်တကျ သပ်ရပ်မှုရှိအောင် ဖောက်လုပ်ပေးခြင်း တို့ဖြင့် စံပြကျေးရွာအဖြစ် ထူထောင်ပေးခြင်း၊ သန့်ရှင်းသည့် သောက်သုံးရေ ရရှိရေးအတွက် ကျေးရွာ ၁၃ ရွာ၌ နှစ်လက်မ လက်နှိပ်တုံကင် ၃၂ တွင်း၊ လေးလက်မ စက်ရေတွင်း ခြောက်တွင်း တူးဖော်ခြင်း၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ရေလှောင်ဆည် ရှစ်ခုပြုပြင်မွမ်းမံပေးခြင်းတို့ကို လည်းကောင်း ဆောင်ရွက်ပေးခဲ့ကြောင်း။

အလားတူ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် အောင်သီရိစိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေး ကုမ္ပဏီအနေဖြင့်လည်း ပုဗ္ဗသီရိမြို့နယ် အတွင်း စိုက်ပျိုးသူတောင်သူ ၃၃၅၂ ဦး၏ စိုက်ဧကပေါင်း ၁၀၂၅၈ ဧကတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးစရိတ်ငွေကျပ် ၅၀၂၉ သိန်းကို သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း။

ယခုကဲ့သို့ အောင်သီရိဖောင်ဒေးရှင်း အနေဖြင့် ဖောင်ဒေးရှင်း၏ရည်ရွယ်ချက် (၆)ရပ်နှင့်အညီ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ပညာရေး၊ ကျန်းမာရေး အပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကို အထောက်အကူဖြစ်စေရန် ဖြည့်ဆည်း လှူဒါန်းခြင်းသာမက လာမည့်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် သာသနာ့ဘောင် ဝင်လိုသည့် ငွေကြေးချို့တဲ့သော ကလေးများ သာသနာ့ဘောင် ဝင်နိုင်ရေးတို့ကိုပါ ဆောင်ရွက်ပေးရန် စီမံထားရှိမှု စေတနာကိုလည်းကောင်း၊ အောင်သီရိစိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးကုမ္ပဏီ၏ ပုဗ္ဗသီရိမြို့နယ် အတွင်းနေထိုင်သော တောင်သူများ၏ လိုအပ်သော စိုက်ပျိုးစရိတ်ကို သက်သာသောချေးငွေများဖြင့် ထုတ်ချေးပေးခဲ့ခြင်း အပြင် လာမည့်နှစ်မိုးရာသီတွင် မိုးစပါး စိုက်ပျိုးနိုင်ရေးအတွက် သက်သာသော ချေးငွေဖြင့် စိုက်ပျိုးစရိတ်ထုတ်ပေးခြင်း၊ မျိုးနှင့် ဓာတ်မြေဩဇာများရရှိရေး ဆောင်ရွက်ပေးမည့် အစီအမံများနှင့် ယခုနှစ်နှင့် လာမည့်နှစ် စိုက်ပျိုးစရိတ် ချေးငွေများမှ ရရှိသော အတိုးငွေများကို ဒေသဖွံ့ဖြိုး တိုးတက်ရေးတွင် ပြန်လည်ထည့်သွင်း အသုံးပြုသွားမည်ဆိုသည့် ကောင်းမြတ်သော စေတနာထားလုပ်ဆောင်မှုကို လည်းကောင်း အလေးအနက် မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အခြေခံကျသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ဒေသခံအစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် အောင်သီရိ ဖောင်ဒေးရှင်း၏ ပေါင်းစပ်ပါဝင်မှုနှင့်အတူ ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါ။
- ယနေ့အောင်သီရိဖောင်ဒေးရှင်းက ဖြည့်ဆည်း တည်ဆောက်ပေးသည့် အခြေခံအဆောက်အအုံများ အပါအဝင် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံ အဆောက်အအုံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် မိမိတို့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အကျိုးရှိစွာအသုံးချသွားကြပါဟု တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကျောင်းကုန်းကျောင်းတိုက်အတွင်း၌ အောင်သီရိ ဖောင်ဒေးရှင်းက တည်ဆောက်လျက်ရှိသည့် မိုးကောင်းပြည်လုံးချမ်းသာ အောင်စေတီတော် တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ထို့နောက် အောင်သီရိဖောင်ဒေးရှင်း ဥက္ကဋ္ဌက ပုဗ္ဗသီရိမြို့နယ်အတွင်း ပြုပြင်မွမ်းမံ၊ တိုးချဲ့ အသစ်တည်ဆောက်ပြီး ဖြစ်သော စာသင်ကျောင်း ၄၄ ကျောင်း နှင့် ပတ်သက်သော စာရွက်စာတမ်းများ ကို မြို့နယ်ပညာရေးမှူး ဦးစိုးလှိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးကျော်ဌေးက ပုဗ္ဗသီရိမြို့နယ် အမှတ်(၁) ဆေးရုံ(ခုတင်-၅၀)သို့ လှူဒါန်းသည့် ဆေးရုံသုံး Baby Incubatorကို မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်အေးမူယာကျော်သို့ လည်းကောင်း၊ ဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးထွန်းမြင့်နိုင်က ရွာသစ်ကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲနှင့် ကျေးရွာသောက်သုံးရေရရှိရေး အတွက် တူးဖော်ပေးခဲ့သည့် စက်ရေတွင်း ခုနစ်တွင်း၊ လက်နှိပ်တုံကင် ရေတွင်း ၃၂ တွင်းတို့နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ ပုဗ္ဗသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းအောင်သို့ လည်းကောင်း၊ ဖောင်ဒေးရှင်းနာယက ဦးတင့်ဆန်းက မအူအောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် မအူအောင်းစံပြကျေးရွာ တည်ဆောက်ခြင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်း များကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရွှေ သို့လည်းကောင်း၊ ဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးအောင်ထွေးက ပုဗ္ဗသီရိမြို့နယ် စစ်မှုထမ်းမြို့ကွက်သစ် အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း တည်ဆောက်ပေးပြီးဖြစ်သော ဘောလုံးကွင်း တစ်ကွင်း၊ ဘော်လီဘောကွင်း နှစ်ကွင်း နှင့် ဘတ်စကက်ဘောကွင်း နှစ်ကွင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်)ဦးရဲလွင်အောင်သို့လည်းကောင်း လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာမှ ဦးကျော်ဆွေက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်ရွာသစ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် အောင်သီရိ ဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးထွန်းမြင့်နိုင်က ကျေးလက်ကျန်းမာရေးဌာနခွဲ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျေးလက်ကျန်းမာရေး ဌာနခွဲအတွင်း လှည့်လည်ကြည့်ရှုပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် သပြေတန်းကျေးရွာ အမှတ်(၆၂) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ချီးမြှင့်သည်။

အခမ်းအနားတွင် အောင်သီရိ ဖောင်ဒေးရှင်း အဖွဲ့ဝင် ဦးထွန်းမြင့်နိုင်က ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)၊ ဝန်ကြီးများနှင့် အောင်သီရိဖောင်ဒေးရှင်း နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့✻

အောင်သီရိဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးအောင်ထွေး ပုဗ္ဗသီရိမြို့နယ် စစ်မှုထမ်းမြို့ကွက်သစ် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း တည်ဆောက်ပေးပြီးဖြစ်သော ဘောလုံးကွင်း တစ်ကွင်း၊ ဘော်လီဘောကွင်း နှစ်ကွင်းနှင့် ဘတ်စကက်ဘောကွင်း နှစ်ကွင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးရဲလွင်အောင်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ကျောင်းဆောင်သစ်

ကျောင်းကုန်းကျေးရွာ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

❊ စာမျက်နှာ ၄ မှ

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုပြီး ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မအူအောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် အောင်သီရိဖောင်ဒေးရှင်း နာယက ဦးတင့်ဆန်းက ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များက အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မအူအောင်းစံပြကျေးရွာ တည်ဆောက်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ညောင်လူးကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် ကျောင်းကုန်းကျေးရွာ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အမွှေးနံ့သာပက်ဖျန်း

အခမ်းအနားတွင် အောင်သီရိဖောင်ဒေးရှင်း အဖွဲ့ဝင် ဦးအုန်းကျော်က ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များက အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး (၁)သည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုပြီး ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ကျောင်းကုန်းကျောင်းတိုက်အတွင်း၌ အောင်သီရိဖောင်ဒေးရှင်းက တည်ဆောက်လျက်ရှိသည့် မိုးကောင်းပြည်လုံးချမ်းသာအောင်စေတီတော် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသနှင့် ကျောင်းကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မသာမိတို့အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ထို့နောက် ကျောင်းတိုက်အတွင်း၌ အောင်သီရိ ဖောင်ဒေးရှင်းက လှူဒါန်းသည့် ကျေးရွာသုံး စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးသည်။

အောင်သီရိဖောင်ဒေးရှင်းသည် ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရန်၊ ပညာရေးကဏ္ဍတွင် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ ကျောင်းနေအရွယ်ရောက်သူတိုင်း ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးနိုင်ရန်၊ ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးရုံ၊ ဆေးခန်းများအားလုံးတွင် လိုအပ်သော ဆေးဝါးအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန်၊ ကျေးရွာ၊ ရပ်ကွက်အတွင်းရှိလမ်းများ တိုးတက်ကောင်းမွန်လာစေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန်၊ ကျေးရွာရပ်ကွက်များရှိ လူမှုရေးလုပ်ငန်းများ၊ ပျော်ပွဲရွှင်ပွဲ၊ အားကစားပွဲများတွင် လိုအပ်သည့် နေရာများမှ ဝိုင်းဝန်းဖြည့်ဆည်းပေးနိုင်ရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အရှိန်အဟုန် မြှင့်တင်နိုင်ရေးအတွက် အထောက်အကူပြုရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။

အောင်သီရိဖောင်ဒေးရှင်းအနေဖြင့် လာမည့်နှစ်တွင်လည်းပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများနှင့်အတူ ကျေးလက်နေ ပြည်သူများ၏ဘဝအား တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်ရန် လိုအပ်သည်များကို ဆက်လက်ပံ့ပိုး လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး သပြေတန်းကျေးရွာ အမှတ်(၆၂) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး မအူအောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ၌ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အောင်သီရိဖောင်ဒေးရှင်း နာယက ဦးတင့်ဆန်း မအူအောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ကျိုင်းတုံအမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၌ ဘက်စုံပြိုင်ပွဲကျင်းပ

ကျိုင်းတုံ မတ် ၂၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၌ အားကစား လက်မှုပညာ စွမ်းရည်ပြိုင်ပွဲ၊ ရိုးရာပဒေသာကပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ကကျင်းပရာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်၊ အဖွဲ့ဝင် ဒေါ်ခင်သန်းနွဲ့နှင့် မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်ရီတို့က အလှူငွေများပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်မြင့်က လက်ခံရယူကြောင်း သိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	“ဘုရားကြိုက်တာပူဇော်ပါ” တရားတော် (အောင်စကြာဆရာတော်အရှင်စန္ဒသိရီ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်”(အပိုင်း-၄၉)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်”(အပိုင်း-၇)**
၈း၄၅	ပျော်စရာကြီး Live Show (အပိုင်း-၃)
၉း၂၀	Activities In The City -သာကေတမြို့နယ် အောင်သိဒ္ဓိကျောင်းတိုက်မုခ်ဦး၊ အုတ်တံတိုင်းရေစက်ချပွဲ -အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ပထမပြန်စာအောင်ဆုနှင်းပွဲ
၉း၃၀	မေတ္တာနန္ဒမှသည် မိဘမဲ့ကလေးငယ်များဆီသို့
၉း၅၀	၁၉၇၅-၇၉ မော်လမြိုင်ကောလိပ်သချ်ာအဓိက ကျောင်းသား/သူဟောင်းများ၏ အာစရိယပူဇော်ပွဲ
၁၀း၀၅	အရှေ့လယ်တီစိန်ရတုချီ ဗုဒ္ဓပူဇနိယမင်္ဂလာမှသည်
၁၀း၂၀	The Champion of Dance (မြန်မာ့ရိုးရာ သကြၤန်ယိမ်းအကပြိုင်ပွဲ) (အပိုင်း-၂)
၁၀း၅၀	Celebrity Choice (စန္ဒာဝင်း) (အပိုင်း-၂)
၁၁း၁၅	စက်မှုလက်မှု အ. ထ. က(၁) နတ်မောက်၏အာစရိယပူဇော်ပွဲ
၁၁း၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅	ရန်ကုန်မြင်ကွင်းကျယ် (BSC ရဲ့ Beauty in Summer Party)
၁၂း၁၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ငှက်ပျောသီးချဉ်ရည်ဟင်းနှင့် ချိုဆိမ့်စပ် ကဏန်းချက်)
၁၂း၄၀	အံ့ဖွယ်ထူးခြား. . . မြန်မာ့အနုလက်ရာ. . . တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား
၁း၀၀	“ဘုရားကြိုက်တာပူဇော်ပါ” တရားတော် (အောင်စကြာဆရာတော်အရှင်စန္ဒသိရီ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Jewellery Show of the Year (The Rich Gems) (Part-3)
၂း၅၅	အောင်ငြိမ်းချမ်းဆရာတော် ဘဒ္ဒန္တအဂ္ဂသာရ၏ ဝိဇာတမင်္ဂလာပွဲ
၃း၀၀	Activities In The City (ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြို ကျောင်းပေါင်းစုံပဒေသာကပွဲ)
၃း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်”(အပိုင်း-၄၉)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်”(အပိုင်း-၇)**
၄း၅၀	စက္ကူအလင်းတို့ လင်းလက်ဝေဖြာစေရာ. . .
၅း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၅	Sunday Talk [ပန်းချီတင်မောင်ဦး၊မျိုးမြတ်သူ]
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဗီဒီယိုပြခန်း
၆း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်”(အပိုင်း-၅၀)**
၇း၃၀	ပျော်စရာကြီး Live Show (အပိုင်း-၄)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (အရွဲ့တိုက်တာကောင်းတယ်၊ အရွဲ့မတိုက်တာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်”(အပိုင်း-၈)**
၁၀း၁၅	အနုပညာမိုးကောင်းကင်
၁၀း၄၀	ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါအန္တရာယ် (ပါမောက္ခဦးမြသော်)
၁၀း၄၅	International Show Biz
၁၁း၀၅	ဈေးဝယ်လမ်းညွှန် (The Body Shop)
၁၁း၃၀	ဖန်သားရုပ်မြင်စာဆိုသဘင် (မြင်းမူမောင်နိုင်မိုး)
၁၂း၀၀	Celebrity Profile (Avirl Lavigne)
၁၂း၃၅	ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး (ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၂း၄၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
၁း၁၀	ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၁း၁၅	နုယဉ်ဆန်းထွင်ပန်းအလှဆင် ("S" ပုံသဏ္ဍာန်ပန်းအိုးထိုးနည်း)
၁း၄၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဘုတ်ဘုတ်နှင့် တွေ့ဆုံခြင်း)
၂း၁၅	ဒို့တိုင်းဌာနီရောဝတီ [မြန်မာ့စပါးကျီ (သို့မဟုတ်)ရောဝတီ]
၂း၃၀	မောတို့ဌာနေရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ
၂း၅၀	စနစ်တကျစိုက်ပျိုး သစ်ခွအမျိုးမျိုး
၃း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅	စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၄း၁၅	လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး. . .
၄း၃၅	လှမ်းလာခဲ့ပါ. . . နှောင်းအင်းလေးကကြိုနေမှာ
၅း၀၀	အစီအစဉ်ပြီး။

ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း

ပုသိမ်(ဘဲဂရက်)-အိမ်မဲရထားလမ်းပိုင်းဖွင့်ပွဲ အခမ်းအနားကျင်းပ

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့ ပုသိမ်(ဘဲဂရက်)-အိမ်မဲရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၂၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်လျက်ရှိသော ပုသိမ် (ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ပုသိမ်(ဘဲဂရက်)-အိမ်မဲရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ညောင်ပိုင်းကျေးရွာအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဖွင့်ပွဲ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးက ပုသိမ် (ဘဲဂရက်)-အိမ်မဲ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ၈၉ မိုင်ရှိသော ပုသိမ်(ဘဲဂရက်) - အိမ်မဲ - ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် ပုသိမ်(ဘဲဂရက်)-အိမ်မဲ ရထားလမ်းပိုင်း အရှည်မိုင် ၂၀ ဒသမ ၇၅ ကို ဖွင့်လှစ်ပေးသည့် အခမ်းအနားဖြစ်ကြောင်း။

ဝန်ကြီး ဦးအောင်မင်း ပုသိမ်(ဘဲဂရက်)-အိမ်မဲမီးရထားလမ်းပိုင်း ဖွင့်ပွဲတွင် အထူးရထားဖြင့် စီးနင်းလိုက်ပါကြမည့် ဒေသခံပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ပုသိမ်(ဘဲဂရက်)-အိမ်မဲ

ယနေ့ ဖွင့်လှစ်သည့် ပုသိမ်(ဘဲဂရက်)-အိမ်မဲ ရထားလမ်းပိုင်းကို ၁-၁၂-၂၀၀၉ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ယနေ့ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဖောက်လုပ်ခြင်း တစ်နှစ်နှင့် သုံးလကြာမြင့်ခဲ့ကြောင်း၊ ယခု ရထားလမ်းပိုင်းတွင် တံတားကြီးငယ် စုစုပေါင်း ၄၆ စင်း၊ ဘူတာ ခြောက်ဘူတာ၊ အများဆုံးကွေ့ ဒီကရီ ၆ ဒီကရီ၊ ကွေ့ပေါင်း ၂၃ ကွေ့နှင့် အများဆုံး ဆင်ခြေလျှော ၁း၂၀၀ ဖြစ်ကြောင်း။

ပုသိမ်(ဘဲဂရက်)မှ ရန်ကုန် (လှိုင်သာယာ) ရထားလမ်းဖောက်လုပ်ရေး စတင်ဆောင်ရွက်ခဲ့ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ အခက်အခဲများလည်း တွေ့ရှိခဲ့ရကြောင်း၊ ယခုဖွင့်လှစ်သည့် ပုသိမ်(ဘဲဂရက်)မှ အိမ်မဲအထိ ရထားလမ်း ၂၀ ဒသမ ၇၅ မိုင်ကို ၂၀၁၀ ပြည့်နှစ် ဧပြီလတွင် ဖွင့်လှစ်နိုင်ရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဆင်ဂေါင်းကျေးရွာအနီး မိုင်တိုင် (၅)မိုင်တွင် အောက်ခံမြေသား ညံ့ဖျင်းမှုကြောင့် ရထားလမ်းတာပေါင် တစ်ကီလိုမီတာခန့် နိမ့်ကျွံသွားခဲ့ကြောင်း၊ အဆိုပါနေရာတွင် GEO-TEXTILE နည်းပညာဖြင့် ငွေကြေးများစွာ သုံးစွဲပြီး ပြုပြင်ခဲ့ရကြောင်း၊ ထိုသို့ တာပေါင်များ နိမ့်ကျွံတတ်ခြင်းကြောင့် တာပေါင်များ ဆောင်ရွက်ပြီးသော်လည်း ရထားခရီးစဉ်များ ပြေးဆွဲခြင်းမပြုဘဲ တစ်နှစ်ခန့် စောင့်ကြည့်ခဲ့ရကြောင်း၊ ယခု အန္တရာယ်ကင်းရှင်းပြီဖြစ်သည့်အတွက် ရထားပြေးဆွဲခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

လွယ်ကူစွာသွားလာနိုင်

ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းသည် စရိတ်စကသက်သာပြီး ကုန်ပစ္စည်းများကို များများသယ်ယူနိုင်သော လုပ်ငန်းဖြစ်ကြောင်း၊ ထို့ကြောင့် သယ်ယူပို့ဆောင်မှုစရိတ်သက်သာသည့် လုပ်ငန်းများကို ပြည်ထောင်စုအတွင်း တစ်နေရာမှ တစ်နေရာသို့ လွယ်ကူစွာ သွားလာနိုင်ရန်အတွက် မူလရှိပြီးသား ရထားလမ်းများနှင့် ဆက်စပ်ပြီး အမျိုးသားမီးရထားကွန်ရက်ကို အကောင်အထည်ဖော် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ယခင်က ရထားလမ်း မပေါက်ရောက်ခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့သို့ ရထားလမ်းများကို စီမံကိန်းများ ချမှတ်ပြီး ဖောက်လုပ်ပေးလျက်ရှိရာ ယင်းရထားလမ်းများ ပြီးစီးသွားပါက အမျိုးသားမီးရထားကွန်ရက်ကြီး ဖြစ်လာတော့မည်ဖြစ်ကြောင်း။

ယခုဆက်လက် ဖောက်လုပ်လျက်ရှိသော ရထားလမ်းများမှာ ကြံခင်း-ပခုက္ကူ မိုင် ၃၂၀၊ မင်းဘူး- အမ်း-စစ်တွေ ၂၅၇ မိုင်၊ ကသာ-ဗန်းမော် ၉၈ မိုင်၊ ပျော်ဘွယ်-နတ်မောက်-မကွေး ၉၅ မိုင်၊ မိုးနဲ-ကျိုင်းတုံ ၂၂၆ မိုင်၊ ထားဝယ်-မြိတ် ၁၃၂ မိုင်၊ ပုသိမ်-ဘဲဂရက်-လှိုင်သာယာ ၈၉ မိုင်၊ ဟင်္သာတ-ညောင်တုန်း ၄၈မိုင်၊ ပြည်-တောင်ငူ မိုင် ၁၂၀၊ နေပြည်တော်-တပ်ကုန်း-ပင်လောင်း မိုင် ၁၂၀ ၊ မြစ်ကြီးနား-ဗန်းမော်-သီပေါ-နမ့်စန် ၄၇၅မိုင်၊ ကလေး-ကလေးဝ-ယာကြီး-မုံရွာ ၁၃၅ မိုင်၊ တောင်ငူ-ယာဒို-လွိုင်ကော် မိုင် ၁၅၀ စုစုပေါင်း ၂၂၆၅ မိုင် တို့ဖြစ်ကြောင်း။

အပိုင်းလိုက်ဖွင့်နိုင်ရေး

အဆိုပါ ဖောက်လုပ်လျက်ရှိသော မီးရထားလမ်း ခရီးမိုင် ၂၂၆၅ မိုင် အနက် ဖွင့်လှစ်ပြီး ၄၃၅ မိုင် ရှိသောကြောင့် ဖောက်လုပ်ရန် ကျန်ရှိနေသေးသည့် ရထားလမ်းခရီးမိုင် ၁၈၃၀ မိုင်ကိုလည်း အမြန်ဆုံး ဆောင်ရွက်ပြီး အပိုင်းလိုက် ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ပုသိမ်-(ဘဲဂရက်) -အိမ်မဲရထားလမ်းပိုင်း ဖောက်လုပ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် ပုသိမ်(ဘဲဂရက်)-အိမ်မဲရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဖွင့်ပွဲအထူးရထားဖြင့် စီးနင်းလိုက်ပါကြမည့် ဒေသခံပြည်သူများအား ဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ပုသိမ်(ဘဲဂရက်)-အိမ်မဲ ရထားလမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

ယခုဖွင့်လှစ်သည့် အရှည်မိုင် ၂၀ ဒသမ ၇၅ ရှိသည့် ပုသိမ်(ဘဲဂရက်)-အိမ်မဲ ရထားလမ်းပိုင်းသည် အရှည် ၈၉ မိုင် ရှိသည့် ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ) ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပထမဆုံး ဖွင့်လှစ်ပေးသည့် ရထားလမ်းဖြစ်သည်။

တစ်ဆက်တစ်စပ်တည်း

ပုသိမ်-(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်း ဒေသကြီးတို့ကို ဆက်သွယ်ဖောက်လုပ်သည့် ရထားလမ်းဖြစ်သည့်အပြင် စီမံကိန်း တစ်ခုလုံးပြီးစီးသွားပါက ပုသိမ်မြို့မှ ဟင်္သာတ၊ ယင်းမှ ကြံခင်း-ပခုက္ကူ-ကလေးသို့လည်းကောင်း၊ ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းရှိ မင်းဘူးမြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့လည်းကောင်း၊ ပုသိမ်မြို့မှ ရန်ကုန်မြို့၊ ၎င်းမှ နေပြည်တော်သို့လည်းကောင်း၊ နေပြည်တော် ဗဟိုပြု၍ အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ မီးရထားကွန်ရက်သဖွယ် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပုသိမ်(ဘဲဂရက်)-အိမ်မဲမီးရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

မြောက်ပိုင်းဒေသများ ကွက်ကျားမိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၈ ဒီဂရီစင်တီဂရိတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၁၀ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။**ထူးခြားသည့်နေ့အပူချိန်**မှာ မင်းဘူးမြို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပူတာအိုမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် ကော့သောင်းမြို့တွင် ၁ ဒသမ ၁၄ လက်မတို့ဖြစ်ကြသည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီးကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မတ် ၂၁ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

Myanmar Football Academy အဆောက်အအုံဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်

နေပြည်တော် မတ် ၂၀

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် မတ် ၁၃ ရက်တွင် မကွေးတပ်နယ် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းခန်းမ၌ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားကာ မိသားစုဝင်များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

တိုင်းမှူးသည် မတ် ၁၄ ရက်တွင် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

တိုင်းမှူးသည် မတ် ၁၅ ရက်တွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၌ ကျင်းပသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းတည်ဆောက်သည့် Myanmar Football Academy အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီးများ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Joseph S. Blatter၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အဆောက်အအုံကမ္ပည်းမော်ကွန်း ကြေးပြားများကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြကာ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သရုပ်ပြလေ့ကျင့်ခန်းများ ဆောင်ရွက်နေမှုနှင့် ဘောလုံးကွင်းသစ် တည်ဆောက်မှု စီမံကိန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာနိုင်ငံဘောလုံး အားကစားဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ၎င်း၏ခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Joseph S. Blatter နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့ Myanmar Football Academy အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင်၊ တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် မတ် ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သည်။

နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏ မှားယွင်းသည့်လုပ်ရပ်များအပေါ် နားလည်သဘောပေါက်လာသည့်အတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ရင်ခွင်သို့ အသီးသီး အလင်းဝင်ရောက်လျက်ရှိရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း မတ် ၁၉ ရက်တွင် SSA (ဝမ်ဟိုင်း) အဖွဲ့မှ စိုင်းမွန်ဦးစီးအင်အား ၁၃ ဦးသည် လက်နက်ငယ်မျိုးစုံ ၁၁ လက်၊ စက်လတ် တစ်လက်၊ ဘီအေ (၉၃) တစ်လက်၊ ကျည်မျိုးစုံ ၂၉၁ တောင့်၊ ဘီအေ(၉၃)ဗုံးသီး ၁၆ လုံး၊ ၎င်းပို့ကျည်ကိုးတောင့်၊ ကျည်ကတ်မျိုးစုံ ၁၅ ခု၊ စက်လတ်ကျည်ခါးပတ် တစ်ခု၊ နင်းမိုင်း သုံးလုံးတို့ဖြင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သူ ၁၃ ဦးအား တာဝန်ရှိသူများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး အလားတူဥပဒေဘောင်အတွင်း ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း ကမ္ဘာအေး ရေကူးစက်ရုံတွင် သောက်သုံးရေများ ပို့လွှတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(၁၉)

ရေကူးရေတွန်းစက်ရုံနှင့် ကွန်ကရစ်ထပ်ပိုးလွှာခင်းကျင်းနေမှု ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင် ဦးညီညီနှင့် ဌာနမှူးများလိုက်ပါ၍ မတ် ၁၈ရက် နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးရေစက်လမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၏ ရေကူးရေတွန်းစက်ရုံသို့ ရောက်ရှိရာ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဦးသန်းထိုက်နှင့် ဒုတိယဌာနမှူး ဦးအောင်ဆန်းဝင်းတို့က ၃၃ ကေဗွီ ဓာတ်အားခွဲရုံ၌ ဆောင်ရွက်လျက်ရှိသော လျှပ်စစ်စက်များအခြေအနေ၊ ရေတွန်းစက်များ လည်ပတ်တွန်းပို့ဆောင်ရွက်နေမှုနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် သောက်သုံးရေဖြန့်ဝေပေးရန် ဆောင်ရွက်နေမှုလုပ်ငန်းများကို လိုက်လံရှင်းလင်းပြသကြပြီး မြို့တော်ဝန်က ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေး၊ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ကြံ့ခိုင်မှုရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

အဆိုပါ ရေကူးရေတွန်းစက်ရုံသည် လှော်ကား၊ ဂျိုးဖြူနှင့် မှော်ဘီမြို့နယ်ရှိ ရေသန့်စင်စက်ရုံ(ငမိုးရိပ်)များမှ သောက်သုံးရေကို တောင်ဥက္ကလာပ၊ မရမ်းကုန်း၊ ရန်ကင်း၊ ဗဟန်းမြို့နယ်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ်များသို့ ရေအားကောင်းမွန်စွာ ရရှိရန် တွန်းပို့ဖြန့်ဝေပေးလျက်ရှိသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မောင်းမကန်ကမ်းသာလမ်းသို့ ရောက်ရှိပြီး အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က အဆင့်မြင့် စက်ယန္တရားကြီးများဖြင့် ကွန်ကရစ်လမ်းချောထပ်ပိုးလွှာ ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ခင်းနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေရှည်တည်တံ့ ခိုင်မြဲမှုရှိစေရေးအတွက် အရည်အသွေးစံချိန်စံညွှန်း ပြည့်မီစွာ ဆောင်ရွက်ရေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

အဆိုပါ မောင်းမကန်ကမ်းသာလမ်းသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂)လမ်းမကြီးမှ ဧရာဝဏ်လမ်းအထိ လမ်းအရှည်ပေ ၁၁၈၀၀ နှင့် အကျယ် ၄၈ ပေရှိပြီး ယခုအခါ လမ်းခင်းခြင်းလုပ်ငန်းသည် လမ်းအရှည်ပေ ၁၁၀၀၀ခန့် ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် တာမွေမြို့နယ် ကျိုက္ကဆံလမ်းသို့ ရောက်ရှိပြီး ဗညားဒလလမ်းဆုံမှ သမိန်ဗရမ်းလမ်းဆုံအထိ လမ်းအရှည်ပေ ၂၈၇၀နှင့် အကျယ် ၇၂ ပေကို ကွန်ကရစ်လမ်းချောအဖြစ်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

(၁၉)

SSA (ဝမ်ဟိုင်း)အဖွဲ့ မိုင်းရှူးမြို့နယ်နှင့် သီပေါမြို့နယ်အတွင်းရှိ တံတားများ ဖောက်ခွဲဖျက်ဆီး

နေပြည်တော် မတ် ၂၀

နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် နိုင်ငံတော်က အားကြိုးမာန်တက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်လုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိရာ မတ် ၁၉ ရက် နံနက်ပိုင်းတွင် မိုင်းရှူးမြို့နယ် မိုင်းရှူး-မိုင်းနောင်လမ်းပေါ်ရှိ တံတားတစ်စင်းကို SSA (ဝမ်ဟိုင်း)အဖွဲ့က မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားဘယ်/ညာ သံပေါင်လက်ရမ်းများရှိ ကြက်ခြေခတ်သံချောင်းများ ပျက်စီးသွားသောကြောင့် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ပြင်ဆင်ခဲ့မှုကြောင့် မတ် ၂၀ ရက် ညနေပိုင်းတွင် ပြန်လည်ကောင်းမွန်သွားပြီဖြစ်ကြောင်း သိရသည်။

အလားတူ မတ် ၁၉ ရက် နံနက်ပိုင်းတွင် သီပေါမြို့နယ် မိုင်းရယ်-စိန်ကြော့-ဆောင်ကဲ့လမ်းပေါ်ရှိ တံတားတစ်စင်းကို SSA (ဝမ်ဟိုင်း)အဖွဲ့က မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားအထိုင်ကွန်ကရစ်ခုံ အက်သွားပြီး တံတားကြမ်းခင်းများ ပြုတ်ထွက်ပျက်စီးခဲ့သောကြောင့် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ပြင်ဆင်ခဲ့ရာ ယင်းနေ့ညနေပိုင်းတွင် ပြန်လည်ကောင်းမွန်သွားပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

GIS နှင့် Google Earth လက်တွေ့အသုံးချနည်းသင်တန်းများ ဖွင့်မည်

ရန်ကုန် မတ် ၂၀

GIS နှင့် Google Earth လက်တွေ့အသုံးချနည်းသင်တန်းကို မတ် ၂၆၊ ဧပြီ ၂၊ ၃ နှင့် ၉ ရက် (စနေ၊ တနင်္ဂနွေ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် e-Learning Center၊ အဆောင်(၁) အခန်း(၄)၌ ရက်သတ္တနှစ်ပတ် သင်တန်းကာလ လေးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ ဝါသနာရှင်အသင်းတို့မှ အသင်းဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သင်တန်းကြေးကို (၂၀) ရာခိုင်နှုန်း လျှော့၍ လက်ခံသွားမည်။

အစိုးရဝန်ကြီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သင်တန်းကျောင်းများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများတွင် GIS သင်တန်းများကို သီးသန့် လာရောက်သင်ကြားပေးစေလိုပါကလည်း ဆက်သွယ်နိုင်သည်။

အသေးစိတ် သိလိုပါက Myanmar Credent Technology အဆောင်(၁) အခန်း(၇) မြန်မာအင်ဖိုတက်ခ် ဖုန်း- ၆၅၂၂၈၅ နှင့် ၆၅၂၂၈၆ မသီတာထွန်းအောင် ထံသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။ သင်တန်းသားဦးရေ ၂၀ သာ လက်ခံသင်ကြားမည်ဖြစ်သဖြင့် သင်တန်းတက်ရောက်လိုသူများသည် မတ် ၂၅ ရက် နောက်ဆုံးထားပြီး မှတ်ပုံတင်ကြစေလိုကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၀ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အမက(၂၄) ကျောင်းတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ဘက်စုံပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ စတုတ္ထတန်း(က)မှ ပထမဆု၊ ရုပ်ပြစာစီစာကုံးဆုရရှိသော မောင်အောင်ကောင်းမြတ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ထား ဆုချီးမြှင့်စဉ်။ (ပညာရေး)



မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးကြီးအတွင်း မီးသတ်ရေပိုက်လိုင်းနှင့် မီးသတ်ရေငုတ်များ သွယ်တန်းတပ်ဆင်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်း ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ခေတ်အဆက်ဆက် သမိုင်းပေးတာဝန် ကျေပွန်ခဲ့သည့် မြန်မာ့တပ်

အဖေ. . .

သားရိုသေစွာစာရေးလိုက်ပါတယ်။ ဒီစာကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) လွိုင်ဆန်တောင်တန်းရဲ့ တောင်ပေါ်ရှေ့တန်းစခန်းတစ်နေရာမှာရေးပြီး နောက်တန်းပြန်တဲ့ ပေး(pay) အဖွဲ့နဲ့ ထည့်ပေးလိုက်တာပါ။ သားတို့စခန်းပေါ်ကနေ ဟိုးအရှေ့ဘက်ဆီ လှမ်းမျှော်ကြည့်လိုက်ရင် တသွင်သွင်စီးနေတဲ့ သံလွင်မြစ်ကြီးကို ရေးရေးလေးမြင်ရပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်မျက်နှာလေးဘက်စလုံးမှာ ပြာပြာမှောင်နေတဲ့ ရှမ်းရိုးမရဲ့ တောင်စွယ်၊ တောင်တန်းတွေက အပြိုင်းအရိုင်းနဲ့ပါပဲ အဖေ။ လွမ်းတတ်သူတွေအဖို့၊ အလွမ်းဓာတ်ခံရှိသူတွေအဖို့ တွေ့မြင်ရတဲ့ သဘာဝမြင်ကွင်းတွေဟာ လွမ်းစရာတွေချည်းပါပဲ။ ဒါပေမယ့် သားတို့ကစစ်သား . . . ၂၄ နာရီ တာဝန်အပြည့်ရှိနေတဲ့ တပ်မတော်သားစစ်သည်တွေအဖို့ လွမ်းစရာကို အသာထားပြီး အမိနိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲတမ်းမျက်စိကိုဖွင့် နားကိုစွင့်ပြီး အသင့်ရှိနေရပါတယ်။ ဒီမှာ သား. . . စဉ်းစားမိတယ်အဖေ။ မိကွဲဖကွဲ၊ ဆွေကွဲမျိုးကွဲ၊ ဇနီးသားသမီးနဲ့ကွဲ၊ ချစ်သူကြင်သူနဲ့ကွဲပြီး တောင်စဉ်တောင်တန်းအထပ်ထပ်ကို ကျော်ဖြတ်လို့ နက်ရှိုင်းတဲ့ တောရဲ့ရင်ခွင်မှာ ငါတို့တပ်မတော်သားစစ်သည်တွေဟာ ဘာဖြစ်လို့ တာဝန်ထမ်းနေရတာလဲလို့ . . .။ အဲဒီလို စဉ်းစားမိတဲ့အခါ အဖြေက ရှင်းရှင်းလေးပဲ ထွက်လာပါတယ်။ **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ နိုင်ငံတော်အတွက် အသက်ဝိညာဉ်ပမာဖြစ်တဲ့ ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်ဖို့အတွက် မြင့်မြတ်စွာ တာဝန်ထမ်းဆောင်ခွင့်ရကြလို့ အခုလို တောတောင်လျှိုမြောင်တွေ၊ တောင်စဉ်တောင်တန်းတွေကို ဖြတ်သန်းကျော်လွှားပြီး နက်ရှိုင်းတဲ့တောရဲ့ ရင်ခွင်မှာ ဂုဏ်ယူစွာနဲ့ ရောက်ရှိနေကြတာပဲ ဖြစ်တယ်လို့ သားသဘောပေါက်ခဲ့ပါတယ်။**

အဖေ. . .

သွေးချင်းပေါင်းစုံနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ မျက်မှောက်ကာလ မြန်မာ့တပ်မတော်ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ မျိုးချစ်လူငယ်ရဲဘော်သုံးကျိပ်က စတင်ထူထောင်ခဲ့ကြတယ်နော်. . . အဖေ။ နယ်ချဲ့လက်အောက်ကျရောက်နေရတဲ့ အမိနိုင်ငံတော်လွတ်မြောက်ဖို့အတွက် ခေတ်မီလက်နက်ကိုင် အမျိုးသားတပ်မတော်တစ်ရပ် လိုအပ်တယ်ဆိုတာကို သိမြင်သဘောပေါက်ကြတဲ့ ရဲဘော်သုံးကျိပ်ဟာ တိုင်းတစ်ပါးမှာ အပင်ပန်းအဆင်းရဲခံပြီး စစ်ပညာတွေကို ခက်ခက်ခဲခဲသင်ယူခဲ့ကြပြီးနောက် . . . လက်နက်ကိုင် မြန်မာ့တပ်မတော်ကြီးကို ထူထောင်ခဲ့ကြတာပါပဲ။ ဒါကြောင့်. . . နိုင်ငံတော်ရဲ့ အမျိုးသားရေးလိုအပ်ချက်နဲ့ သမိုင်းရေးလိုအပ်ချက်အရ ဖြစ်တည်ပေါ်ထွန်းလာခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ ကြေးစားတပ်မဟုတ်ဘဲ အမိနိုင်ငံတော်ကို ချစ်တဲ့၊ အမိနိုင်ငံတော်ကို ကာကွယ်လိုစိတ်ပြင်းထန်တဲ့ သွေးချင်းတိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းထားတဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း. . . **"ဒို့တပ်မတော်ဟာ စတင်ဖွဲ့စည်းစဉ်မှာပင် ကြေးစားမဟုတ်ဘဲ သစ္စာလေးချက်ကိုသာ ဦးထိပ်ရွက်ပြီး တာဝန်ထမ်းဆောင်ခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်. . ."** လို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲမှာ အတိအလင်း မိန့်ကြားသွားခဲ့ပါတယ်။

အဖေ. . .

မျိုးချစ်တပ်မတော်ဖြစ်တဲ့ မြန်မာ့တပ်မတော်ဟာ တပ်မတော်ရဲ့သမိုင်းစာမျက်နှာအစမှာပဲ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေကြတဲ့ အမိနိုင်ငံတော်ရဲ့ လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူတွေနဲ့ လက်တွဲပြီး အရယူပေးခဲ့တယ်။ ဒါကြောင့်. . . ဒီကနေ့မှာ အမိနိုင်ငံတော်ဟာ ကမ္ဘာ့အလယ်မှာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်ခဲ့ပါတယ် အဖေ။ သမိုင်းပေးတာဝန်ဖြစ်တဲ့ နယ်ချဲ့လက်အောက်ကနေ အမိနိုင်ငံတော် လွတ်မြောက်ရေးတာဝန်ကို တပ်မတော်အနေနဲ့ ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ပါတယ်။

အဖေ. . .

တပ်မတော်သားတွေဟာ အမိနိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်တစ်ခုတည်းကိုအခြေခံလို့ တပ်မတော်ထဲကို ရောက်ရှိခဲ့ကြပြီး. . . **"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏"** လို့ လေးနက်တည်ကြည်စွာ သစ္စာအဓိဋ္ဌာန်ပြုထားသူများပီပီ မည်သည့်အခွင့်အရေး၊ မည်သည့်ဥစ္စာကြေးငွေကိုမျှ မျှော်လင့်မထားခဲ့ကြပါဘူး။ အမိနိုင်ငံတော်အတွက်ဆိုရင် ကိုယ်လက်အင်္ဂါ၊ သွေး၊ ချွေးများကိုပင်သာမက မွန်မြတ်လှတဲ့ အသက်ဇီဝိန်ကိုပါ ကြည်ဖြူစွာ စွန့်လှူကြမည့်သူများဖြစ်ကြပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီးတော့လည်း တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈)သင်တန်းဆင်းပွဲမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက. . .

"ဒို့တပ်မတော်သားတွေဟာ လစာရိက္ခာရချင်ရ မရချင်နေ မည်သည့်အခွင့်အရေးကိုမျှ ရပိုင်ခွင့်လို့ သတ်မှတ်ခံယူခြင်းမပြုဘဲ မျိုးချစ်စိတ်နဲ့ အသက်ခန္ဓာကိုစွန့်လွှတ်ဖို့ ဝန်မလေးသူတွေဖြစ်တယ်. . ." လို့ ထည့်သွင်းမိန့်ကြားသွားခဲ့ပါတယ်။

အဖေ. . .

အမိနိုင်ငံအတွက် စွန့်လွှတ်စွန့်စားရဲတဲ့ သားကောင်းဇာနည်များနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ မြန်မာ့တပ်မတော်ဟာ နိုင်ငံတော်မှာ အရေးကြုံလာတိုင်း သမိုင်းပေးတာဝန် ကျေပွန်ခဲ့တဲ့ အစဉ်အလာကောင်း (၁၂) ရပ်နှင့် ပြည့်စုံသော တပ်မတော်ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးခါစ အမိနိုင်ငံတော်မှာ အယူဝါဒမျိုးစုံ၊ လူမျိုးရေးအယူအဆမျိုးစုံနဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေ အလျှိုလျှိုတောက်လောင်ပြီး ပြည်တွင်းရောင်စုံသောင်းကျန်းမှုကြီး ပေါ်ပေါက်ခဲ့ပါတယ်။ ရပြီးခါစ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးရတော့မယ့် အခြေအနေပါပဲ။ အဲ့ဒီအခြေအနေဆိုးကြီးကို တပ်မတော်က အသက်ပေါင်းများစွာ စတေးပြီးတော့ နိုင်ငံတော်တစ်ဝန်းတည်ငြိမ်အောင် ဆောင်ရွက်ပေးခဲ့တယ်။ တပ်မတော်အနေနဲ့ သမိုင်းပေးတာဝန်တစ်ရပ်ကို အောင်မြင်စွာ ထမ်းဆောင်ခဲ့ပြန်ပါတယ် အဖေ။

အဖေ. . .

ပြည်တွင်းသောင်းကျန်းမှုများ အကင်းမသေသေးတဲ့အချိန်မှာပဲ အိမ်နီးချင်းနိုင်ငံကြီးကနေ စစ်ရှုံးပြီး ထွက်ပြေးလာတဲ့ ချန်ကေရှိတ်ဦးဆောင်တဲ့ ကူမင်တန်စစ်ပြေးတပ်တွေဟာ အမိမြေကို ကျူးကျော်စော်ကားလာခဲ့ကြတယ်။ တပ်မတော်ဟာ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်လာတဲ့ ကျူးကျော်သူ ကူမင်တန်တိုက်ထုတ်ရေးကို ဆင်ဖြူရှင်၊ ရန်ကြီးအောင်၊ မဲခေါင်စတဲ့ စစ်ဆင်ရေးကြီးများ ဆင်နွှဲပြီး ပြည်ပတပ်တွေကို မြန်မာ့မြေမှ အပြီးအပိုင်ရှင်းလင်းတိုက်ထုတ်ပစ်ခဲ့တယ်။ ကျူးကျော်သူတွေကို တပ်မတော်အနေနဲ့ အသက်သွေးချွေးမြောက်မြားစွာ အရင်းအနှီးပြုပြီး တိုက်ထုတ်ပစ်ခဲ့တာဟာလည်း အမိနိုင်ငံတော်အတွက် သမိုင်းပေးတာဝန်တစ်ရပ်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့တာပါပဲအဖေ။

အဖေ. . .

သားကတော့ ခုလိုတပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာတွေကို သိမြင်သဘောပေါက်လာခဲ့တော့ တပ်မတော်သားတစ်ဦးဖြစ်ရတာကို ပိုပြီး မြတ်နိုးဂုဏ်ယူမိတယ် အဖေ။ တပ်မတော်ဆိုတာ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ အမျိုးသားကာကွယ်ရေးအင်အားစုကြီးတစ်ခုပါလားလို့လည်း ယုံကြည်လက်ခံမိပါတယ်။ နောက်ပြီး. . . မျက်မှောက်ကာလ မြန်မာ့တပ်မတော်ဟာ လူမျိုးတစ်မျိုး၊ လူတန်းစားတစ်ခုတည်းနဲ့ ဖွဲ့စည်းထူထောင်ထားတာမျိုး မဟုတ်ဘဲ ပြည်ထောင်စုတစ်ဝန်းက သွေးချင်းမျိုးနွယ်စု လူတန်းစားအလွှာအသီးသီးတို့ဟာ တပ်မတော်ရဲ့ အဆင့်အတန်းအသီးသီးမှာ ပါဝင်နေပါတယ် အဖေ။ ဒါကြောင့်မို့ မျက်မှောက်ကာလမြန်မာ့တပ်မတော်ဟာ ပြည်ထောင်စုရဲ့တပ်မတော်၊ သွေးချင်းတို့ရဲ့ တပ်မတော်ဆိုတာကို ဘယ်သူမှ ငြင်းလို့မရပါဘူး။

နိုင်ငံရဲ့ သမိုင်းကိုပြန်ကြည့်ရင် အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်မရှိခဲ့လို့ မြန်မာ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကွယ်ပျောက်ဆုံးရှုံးပြီး မြန်မာတစ်မျိုးသားလုံး တစ်ပါးကျွန်ဘဝမှာ နှစ်ပေါင်း ၁၀၀ ကျော်တိုင် ခါးသီးနာကျင်စွာနေခဲ့ကြရ။ ဒါကြောင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရာမှာ သားတို့ရဲ့ မြန်မာ့တပ်မတော်ကြီးဟာ အမြဲတမ်း အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်နေဖို့၊ ခေတ်မီတိုးတက်နေဖို့ လိုအပ်။

အဖေ. . .

အမိနိုင်ငံတော်ကို ကာကွယ်ဖို့ အမြဲအသင့်ရှိနေတဲ့ မြန်မာ့တပ်မတော်ဟာ ဖက်ဒရယ်မူကြောင့် ၁၉၆၂ ခုနှစ်မှာ ပြည်ထောင်စုတစ်ဝန်းလုံး သွေးချောင်းစီးလုနီးနီးအချိန်မှာ နိုင်ငံတော်ကို ကယ်တင်စောင့်ရှောက်ပြီး သမိုင်းပေးတာဝန် ကျေပွန်လိုက်ရပြန်တယ်အဖေ။

အဖေ. . .

ခေတ်အဆက်ဆက် သမိုင်းပေးတာဝန်ကျေပွန်ခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ ၁၉၈၈ ခုနှစ်မှာတော့ ပြင်းထန်ကြီးမားတဲ့ တိုင်းဆူပြည်ဖျက်အရေးအခင်းကြီးနဲ့ ကြုံခဲ့ရပြန်တယ်။ နိုင်ငံတော်တစ်ဝန်းလုံး မင်းမဲ့စရိုက်လွှမ်းမိုးသွားပြီး အစိုးရရဲ့ အာဏာစက်ဆိုတာလုံးဝကွယ်ပျောက်သွားခဲ့တယ်။ နိုင်ငံတော်ဟာ ဖရိုဖရဲဖြစ်ပြီး ချောက်ထဲကျဖို့ လက်တစ်ကမ်းအလိုမှာပဲ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှာ တပ်မတော်က နိုင်ငံတော်အာဏာအရပ်ရပ်ကို ထိန်းသိမ်းပြီး အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရပြန်တယ်။ အစဉ်အလာကောင်း (၁၂) ရပ်နဲ့ ပြည့်စုံတဲ့ မြန်မာ့တပ်မတော်ဟာ ချောက်ထဲကျလုဆဲဆဲ

ကျော်မင်[...]

အမိနိုင်ငံကို ကယ်တင်စောင့်ရှေ[...]
ကျေပွန်ခဲ့တာပဲဖြစ်ပါတယ် အဖေ[...]
နိုင်ငံတော်မှာ ဒီလိုအခြေအနေ[...]
ရှေ့က မားမားမတ်မတ်ရပ်ပြီး ကာ[...]
တပ်မတော်ကို သားစဉ်မြေးဆ[...]
ခိုင်မာသော စွမ်းရည်ထက်မြက်တဲ့[...]
ကြီးဖြစ်အောင် တပ်မတော်နှင့်အတူ[...]
က ပါဝင်ကူညီကြဖို့ လိုတယ်နေ[...]
သမိုင်းကိုပြန်ကြည့်ရင် အင်အားေ[...]
ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မ[...]
လွတ်လပ်ရေးနဲ့ အချုပ်အခြာအာ[...]
မြန်မာတစ်မျိုးသားလုံး တစ်ပါးကျွ[...]
ကျော်တိုင် ခါးသီးနာကျင်စွာနေ[...]
နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ[...]
သားတို့ရဲ့ မြန်မာ့တပ်မတော်ကြီ[...]
တောင့်တင်းခိုင်မာပြီး စွမ်းရည်ထက[...]
နေဖို့ လိုအပ်ပါတယ်။

အဖေ. . .

အခုပြောမယ့် အဖြစ်အပ[...]
အဖြစ်အပျက်လေးပါ။ ဆောင်းအက[...]
ရောက်နေတဲ့ ရှမ်းရိုးမတစ်ခွင်မှာ [...]
မှောင်နေပါတယ် အဖေ။ တစ်နေ့[...]
လေးဟာ ရှမ်းရိုးမတောင်ခြေက ပ[...]
သွေးချင်း အိမ်ထောင်စုတွေနေထို[...]
ရောက်ရှိခဲ့ကြပါတယ်။ ရွာဦးကဘုန်[...]
တပ်စု ခေတ္တနားနေတဲ့အချိန်မှာ [...]
အပြေးအလွှားရောက်ရှိလာပြီး သူ့မိ[...]
ငါးမိုင်အကွာမှာရှိတဲ့ နမ့်ဆိုင်ရွာက [...]
အကူအညီတောင်းတယ်။ သားလည်[...]
ကို အသာဘေးဖယ်လိုက်ပြီး သာ[...]
(ဆေးလက်ထောက်)နဲ့ အတူ သူ[...]
မွေးလူနာရဲ့ အခြေအနေကတေ[...]
သားဖွားဆရာမကိုခေါ်ဖို့ အချိန်[...]
သွေးတွေလည်း ဒလဟောသွန်နေ[...]
ဆေး M.A ကပဲ အရေးပေါ်[...]
ဒါပေမယ့်လူနာကို ချက်ချင်းသွေးသွ[...]
သားလည်း ရှည်ရှည်ဝေးဝေး မစဉ်းစ[...]
သားနဲ့ သွေးချင်းတူနေတဲ့ မွေးလူ[...]
ဖောက်ထုတ်ပြီး သွေးသွင်းပေ[...]
ပလောင်အမျိုးသမီးဟာ သားရဲ့[...]
မကြာခင်မှာပဲ ထူထူထောင်ထော[...]
က လွတ်ကင်းခဲ့ရပြီပေါ့အဖေရယ်[...]
၂၇-၃-၂၀၁၀ ရက်နေ့ (တပ်မတေ[...]
မွေးနေ့လည်းဖြစ်ပါတယ်။ တိုက်တ[...]
တပ်မတော်သားတစ်ဦးဖြစ်တဲ့ သ[...]
ပလောင်အမျိုးသမီးတစ်ဦးကို သာ[...]
ခဲ့တဲ့ ဒီဖြစ်ရပ်ဟာ အင်မတန်[...]
လှသလို တပ်မတော်သားတစ်ဦးအ[...]
လလိုကျင့်တတ်တယ်ဆိုတာကိုလ[...]

အဖေ. . .

တပ်မတော်ရဲ့ သမိုင်းပေး[...]
အမိနိုင်ငံတော်ဟာ ဆယ်စုနှစ်[...]

မြန်မာ့တပ်မတော်

ကျော်မင်းခေါင်

အမိနိုင်ငံကို ကယ်တင်စောင့်ရှောက်ပြီး သမိုင်းပေးတာဝန် ကျေပွန်ခဲ့တာပဲဖြစ်ပါတယ် အဖေ။

နိုင်ငံတော်မှာ ဒီလိုအခြေအနေဆိုးကြီးများ ပေါ်ပေါက်တိုင်း ရှေ့က မားမားမတ်မတ်ရပ်ပြီး ကာကွယ်စောင့်ရှောက်ခဲ့တဲ့ မြန်မာ့တပ်မတော်ကို သားစဉ်မြေးဆက် အင်အားတောင့်တင်းခိုင်မာသော စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်ကြီးဖြစ်အောင် တပ်မတော်နှင့်အတူ သွေးချင်းပြည်သူ တစ်ရပ်လုံးက ပါဝင်ကူညီကြဖို့ လိုတယ်နော် အဖေ။ သားတို့နိုင်ငံရဲ့ သမိုင်းကိုပြန်ကြည့်ရင် အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်မရှိခဲ့လို့ မြန်မာ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ကွယ်ပျောက်ဆုံးရှုံးပြီး မြန်မာတစ်မျိုးသားလုံး တစ်ပါးကျွန်ဘဝမှာ နှစ်ပေါင်း ၁၀၀ ကျော်တိုင် ခါးသီးနာကျင်စွာနေခဲ့ကြရတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရာမှာ သားတို့ရဲ့ မြန်မာ့တပ်မတော်ကြီးဟာ အမြဲတမ်း အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်နေဖို့ ခေတ်မီတိုးတက်နေဖို့ လိုအပ်ပါတယ်။

အဖေ. . .

အခုပြောမယ့် အဖြစ်အပျက်ကတော့ ပြီးခဲ့တဲ့နှစ်က အဖြစ်အပျက်လေးပါ။ ဆောင်းအကုန်နွေအကူးကာလမို့ သားတို့ရောက်နေတဲ့ ရှမ်းရိုးမတစ်ခွင်မှာ တောင်ခိုးမြူခြေတွေနဲ့ ပြာဝေရီမှောင်နေပါတယ် အဖေ။ တစ်နေ့မှာတော့ သားဦးစီးတဲ့တပ်စုလေးဟာ ရှမ်းရိုးမတောင်ခြေက ပလောင်၊ လားဟူ၊ အခါ စတဲ့ သွေးချင်း အိမ်ထောင်စုတွေနေထိုင်တဲ့ နမ့်ပန်ဆိုတဲ့ ရွာလေးကို ရောက်ရှိခဲ့ကြပါတယ်။ ရွာဦးကဘုန်းတော်ကြီးကျောင်းမှာ သားတို့တပ်စု ခေတ္တနားနေတဲ့အချိန်မှာပဲ ရွာထဲက လူရွယ်တစ်ဦး အပြေးအလွှားရောက်ရှိလာပြီး သူ့မိန်းမ မီးမဖွားနိုင်လို့ သူတို့ရွာနဲ့ ငါးမိုင်အကွာမှာရှိတဲ့ နမ့်ဆိုင်ရွာက သားဖွားဆရာမကိုခေါ် ပေးဖို့ အကူအညီတောင်းတယ်။ သားလည်း စားလက်စ ထမင်းပန်းကန်ကို အသာဘေးဖယ်လိုက်ပြီး သားတပ်စုမှာပါတဲ့ ဆေး M.A (ဆေးလက်ထောက်)နဲ့ အတူ သူ့အိမ်ကို လိုက်သွားခဲ့တယ်။ မွေးလူနာရဲ့ အခြေအနေကတော့ သတိလစ်နေပါပြီအဖေ။ သားဖွားဆရာမကိုခေါ်ဖို့ အချိန်မီမှာ မဟုတ်တော့ပါဘူး။ သွေးတွေလည်း ဒလဟောသွန်နေပါပြီ။ ဒါကြောင့်မို့ သားတို့ရဲ့ ဆေး M.A ကပဲ အရေးပေါ်မွေးဖွားပေးလိုက်ရပါတယ်။ ဒါပေမယ့်လူနာကို ချက်ချင်းသွေးသွင်းပေးဖို့ လိုအပ်နေပါတယ်။ သားလည်း ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ပါဘူးအဖေရယ်. . . သားနဲ့ သွေးချင်းတူနေတဲ့ မွေးလူနာအတွက် သားရဲ့သွေးကိုပဲ ဖောက်ထုတ်ပြီး သွေးသွင်းပေးလိုက်ပါတယ်။ မွေးလူနာ ပလောင်အမျိုးသမီးဟာ သားရဲ့သွေးနဲ့ သွေးသွင်းကုသပေးပြီး မကြာခင်မှာပဲ ထူထူထောင်ထောင်ဖြစ်လာခဲ့တယ်။ သေတွင်းက လွတ်ကင်းခဲ့ရပြီပေါ့အဖေရယ်။ မှတ်မှတ်ရရ အဲ့ဒီနေ့ဟာ ၂၇-၃-၂၀၁၀ ရက်နေ့ (တပ်မတော်နေ့) ဖြစ်သလို သားရဲ့ မွေးနေ့လည်းဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဒီလိုနေ့မျိုးမှာ တပ်မတော်သားတစ်ဦးဖြစ်တဲ့ သားအနေနဲ့ သွေးချင်းပြည်သူ ပလောင်အမျိုးသမီးတစ်ဦးကို သားရဲ့သွေးနဲ့ အသက်ကယ်နိုင်ခဲ့တဲ့ ဒီဖြစ်ရပ်ဟာ အင်မတန်ကြည်နူးဂုဏ်ယူဖွယ်ကောင်းလှသလို တပ်မတော်သားတစ်ဦးအနေနဲ့ ပြည်သူအပေါ် ရေလိုလလိုကျင့်တတ်တယ်ဆိုတာကိုလည်း သက်သေပြလိုက်တာပါပဲ။

အဖေ. . .

တပ်မတော်ရဲ့ သမိုင်းပေးတာဝန်ကျေပွန်ခဲ့မှုကြောင့် အမိနိုင်ငံတော်ဟာ ဆယ်စုနှစ် နှစ်ခုတာကာလအတွင်းမှာ ဘက်စုံကဏ္ဍစုံက သိသိသာသာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး အခုအခါမှာတော့ ခေတ်သစ်စနစ်သစ်တစ်ခုဖြစ်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်ချီတက်နေပါပြီ အဖေ။ ခုလို ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်ချီတက်ရာမှာ တပ်မတော်သားကိုယ်စားလှယ်(၂၅)ရာခိုင်နှုန်းကလည်း ပါဝင်ပြီး အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်ကြရမှာမို့ အစဉ်အလာကောင်းတဲ့ တပ်မတော်ရဲ့ ဂုဏ်ရည်ကို ပိုမိုမြင့်မားစေပါတယ်အဖေ။

တပ်မတော်အနေနဲ့တော့ မည်သည့်ခေတ်၊ မည်သည့်အခြေအနေမှာမဆို သမိုင်းကပေးလာတဲ့ သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီး အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။

"ခေတ်အဆက်ဆက်မှာ အမိနိုင်ငံတော်အတွက် သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း မွန်မြတ်စွာ အသက်စွန့်လှူသွားခဲ့ကြတဲ့ တပ်မတော်သားအပေါင်းကို (၆၆)နှစ်မြောက် တပ်မတော်နေ့ အခါသမယမှာ လှိုက်လှဲစွာ ဦးညွတ်အလေးပြု လိုက်ပါတယ်"။

အဖေကျန်းမာပါစေ. . . . .

သတိရစွာဖြင့်

သား

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့် အတူ လက်တွဲချေမှုန်းရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

ပြည်ချစ်သားတို့ လာချေပြီ

☆ တပ်တော်ဦးဆီ မျှော်ရည်ပြန်တော့
ဝတ်စုံကြော့နှင့် ဦးမော့ချီတက်
လက်နက်တူညီ စီရရီနှင့်
စစ်ချီတေးသံ မိုးလုံးညံလျက်
အောင်လံဝင့်ဝင့် ရဲရင့်စိတ်ထား
ပြည်ချစ်သားတို့ လာချေပြီ။

☆ သံလွင်စိမ်းရောင် ထွန်းပြောင်ဝင့်ကြွား
ကြည်းတပ်သားတို့ ခန့်ညားတည်ကြည်
အားမာန်ချီကာ ပြာရောင်နရင့်
ရေနှင့်လိုက်ဖက် လေ့ခွက်ကျန်လည်း
အလံမလှဲပေ ရေစစ်သည်များ
စွန့်စားဝံ့ပျံ့ ဝေယံကျော်မော်
တပ်မတော်လေ သုံးထွေသုံးလီ
လွန်းသီကျစ်ထား တိုင်းသားပြည်သူ
လူငယ်စစ်သား အားနှင့်မာန်ချီ
စစ်တေးသီသံ မိုးယံဟိန်းသည်
ပြည်ချစ်သားတို့ လာချေပြီ။

☆ ပြည်သူအများ ကိုးစားယုံကြည်
မြန်ပြည်သားကောင်း စစ်သည်အပေါင်းကို
သောင်းသောင်းဖြဖြ ကြိုဆိုကြပေ
ပန်းသပြေနှင့် အောင်စေအောင်ကြောင်း
ဆုတောင်းနွဲ့ပျော် တပ်မတော်နေ့
မမေ့နှစ်စဉ် မော်ကွန်းတင်သည်
ပြည်ချစ်သားတို့ လာချေပြီ။ ။

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ဖိုးရန်နိုင်(ကျောက်ကြီး)

တပ်မတော်ရဲ့ သမိုင်းပေးတာဝန် ကျေပွန်ခဲ့မှုကြောင့် အမိနိုင်ငံတော်ဟာ ဆယ်စုနှစ် နှစ်ခုတာ ကာလအတွင်းမှာ ဘက်စုံကဏ္ဍစုံက သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး အခုအခါမှာတော့ ခေတ်သစ် စနစ်သစ်တစ်ခုဖြစ်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်ချီတက်နေပါပြီ။

ခုလို ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်ချီတက်ရာမှာ တပ်မတော်သား ကိုယ်စားလှယ် (၂၅) ရာခိုင်နှုန်းကလည်း ပါဝင်ပြီး အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်ကြရမှာမို့ အစဉ်အလာကောင်းတဲ့ တပ်မတော်ရဲ့ ဂုဏ်ရည်ကို ပိုမိုမြင့်မားစေပါတယ်။

❐ ကျောဖုံးမှ

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော် အကအဖွဲ့၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်က ကျေးဇူးတင်စကား ပြောကြားပြီး ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက တံတားဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဝဲလောင်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် တိုင်းမှူးက ဝဲလောင်တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဝဲလောင် တံတားအမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ်နှင့် အောက်ထည်ကို သံကူကွန်ကရစ် လွန်တူးပိုင်အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည်ပေ ၃၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွား၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ဝဲလောင်တံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ယခုဖွင့်လှစ်သည့် ဝဲလောင်တံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက်တံတား ၂၆၃ စင်းမြောက်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၁၆ စင်းမြောက်တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတား ဖြစ်သည်။

ဝဲလောင်တံတားကို ဖွင့်လှစ်ပေးသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ်ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ဒေသထွက်ကုန်များကို လွယ်ကူလျင်မြန်စွာ ပို့ဆောင်ကုန်သွယ်နိုင်တော့မည်ဖြစ်ပြီး ဤဒေသရှိ ပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဝန်ကြီးများ ဝဲလောင်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

MYANMAR GOLF CLUB 2011 ANNUAL AT HOME
ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၂၀

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်စဉ်ကျင်းပလျက်ရှိသော နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ဧပြီ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင် ပြည်လမ်း) ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဧပြီ ၈ ရက်တွင် အသက်(၆၀-၇၀) တစ်တန်း၊အသက်(၇၀ အထက်) တစ်တန်း၊ အသက်(၈၀ အထက်) တစ်တန်း(Veteran) ဂေါက်သီးရိုက်ပြိုင်ပွဲများကို လည်းကောင်း၊ ဧပြီ ၉ ရက်တွင် Gold, Silver, Bronze အတန်း(၃)တန်း ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း ဆက်လက်ကျင်းပမည်ဖြစ်ရာ အသင်းသားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကြောင်း သိရသည်။

ဧပြီ ၁၀ ရက်တွင် ဂေါက်သီးကစားခြင်းနှင့် ပတ်သက်သော ပျော်ပွဲရွှင်ပွဲများ ကျင်းပပြီး ညနေပိုင်းတွင် ဆုချီးမြှင့်၍ အခမ်းအနားကို ကျင်းပမည်ဖြစ်ကာ ညပိုင်းတွင် ညစာခံကျွေးမွေးရေးနှင့် တေးဂီတဖျော်ဖြေရေး အစီအစဉ်များ ပါဝင်ကြမည်ဖြစ်သဖြင့် အသင်းသား၊ အသင်းသူ မိသားစုများ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်းနှင့် ယခုပြိုင်ပွဲအတွက် ကူညီပံ့ပိုးပေးလိုသော အဖွဲ့အစည်း ကုမ္ပဏီများရှိပါက စီမံမန်နေဂျာ မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း-၆၆၅၅၃၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကော့ကရိတ်မြို့ မြတ်ဆရာပူဇော်ပွဲနှင့် မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အခမ်းအနား ကျင်းပမည်

ရန်ကုန် မတ် ၂၀

အထက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၅၇)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများနှင့် အလက ကျောင်း နှစ်ကျောင်း၊ အမကကျောင်း ကိုးကျောင်းတို့မှ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ဧပြီ ၃ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အထက(၁)ခန်းမ၌ ပူဇော်ကန်တော့ကြမည်ဖြစ်ပြီး မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကိုလည်း ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် အထက(၁) ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အသင်းသားများသည် ဧပြီ ၂ ရက် နံနက် ၇ နာရီတွင် အောင်မင်္ဂလာအဝေးပြေးကွင်းမှ ကားထွက်မည်ဖြစ်ပါ၍ ဦးနေဝင်း ဖုန်း-၀၉-၇၃၀၀၃၈၄၉၊ ဦးချစ်ထွေး ဖုန်း-၀၉-၄၉၇၈၂၂၀၂၊ ဦးသိန်းဝင်း ဖုန်း-၀၉-၄၉၂၃၃၉၉၉၊ ဦးကျော်စိုး ဖုန်း-၀၉-၅၁၃၄၁၅၅နှင့် ဦးဇော်မင်းသွင် ဖုန်း-၀၉-၇၃၁၂၆၁၄၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အမက(၅) သာကေတ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက် (တပ်မတော်နေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျောင်းသား၊ ကျောင်းသူဟောင်းများက စုပေါင်းကျင်းပမည်ဖြစ်ရာ စာသင်နှစ်အသီးသီးမှ အဝေးရောက် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကျင်းပရေးကော်မတီနှင့် ဆက်သွယ်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဆရာမ ဒေါ်ဘေဘီ ဖုန်း-၀၉-၅၅၀၃၁၃၂ နှင့် ၅၄၉၇၉၃၊ ဆရာမ ဒေါ်ခင်မာကြူ ဖုန်း-၀၉-၅၀၈၄၅၈၅၊ ဒေါ်သဇင် ဖုန်း-၀၉-၇၃၀၅၃၈၀၂၊ ကိုအောင်ဇော်မိုး (ခ) ဇော်လေး ဖုန်း-၄၅၀၃၁၇ နှင့် ၅၄၆၀၂၂၊ ကိုမိုးကျော်လွင်(ခ)ကျော်ကျော် ဖုန်း-၀၉-၇၃၀၈၇၉၄၁၊ ကိုစန်းမောင် ဖုန်း-၉၁၉၀၀၅၂၊ ကိုမြင့်အောင် ဖုန်း-၅၅၆၁၄၆၊ ကိုရွှေမိုး ဖုန်း-၀၉-၇၃၁၁၅၀၀၂၊ မစုစုလှိုင် ဖုန်း-၀၉-၇၃၀၅၃၄၇၄၊ မငွေငွေမြင့် ဖုန်း-၀၉-၇၃၀၁၁၇၃၁၊ ဒေါက်တာ အေးအေးသန်း ဖုန်း-၀၉-၄၉၂၃၁၆၇၄၊ မမေစိမ်းဝင်း ဖုန်း-၀၉-၇၃၀၈၀၂၁၅ နှင့် မဆွေဆွေသန်း ဖုန်း-၀၉-၅၀၂၇၅၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၀

မြန်မာပို့စ်ဂျာနယ် အတွဲ ၃၊ အမှတ် ၁၂ ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် အာရှရွှေခေတ်ကြီးတွင် ထားဝယ်အထူးစီးပွားရေးဇုန် အခြေခံအဆောက်အအုံပိုင်း စတင်နေပြီ၊ အလုပ်အကိုင် အခွင့်အလမ်းရှိလာပြီ မျက်နှာဖုံးအထူးဆောင်းပါးနှင့် အိန္ဒိယတွင် ဒုက္ခရောက်နေသော ဖျာပုံမြို့နယ် ကုလားထိပ်ကျေးရွာမှ ရေလုပ်သား သုံးဦးအတွက် အကူအညီတောင်း မျက်နှာဖုံးအထူးသတင်း၊ အင်တာနက်မှတစ်ဆင့် VOIP Call နိုင်ငံခြားခေါ်ဆိုမှုခွင့်မပြု၊ အချိန်အခါမဟုတ် လေပြင်းတိုက်ခတ်မှုများကြောင့် မြို့နယ်များနှင့် ကျေးရွာအချို့ရှိ လူနေအိမ် ၁၈၉ လုံး ပျက်စီးဆုံးရှုံး၊ ရန်ကုန်တိုင်းဒေသကြီး နေရာအချို့ မိုးကြိုးပစ်၍ လေးဦးသေဆုံး စသည့် သတင်းဆန်းများ၊ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ဂျပန်နိုင်ငံမှ ဝင်ရောက်လာသူများ၏ ပစ္စည်းများကို အဏုမြူဓာတ်ရောင်ခြည် သင့်၊ မသင့် စစ်ဆေး၊ မြန်မာနိုင်ငံ၌ ရှာသွန်းသောမိုးရေ၌ ရေဒီယိုသတ္တိကြွပစ္စည်းပါဝင်ခြင်းမရှိဟုဆို၊ ဂျပန်ရှိုကလီးယားစက်ရုံကြီးများ ပေါက်ကွဲမှုနှင့် ရေဒီယိုသတ္တိကြွရောင်ခြည် ထိတွေ့မှု အန္တရာယ်၊ ဆားဈေးဘယ်လောက်တက်တက် ပွင့်လင်းရာသီမှာ ဆားတွေအများကြီး ထွက်လာမှာပါ စိုးရိမ်စရာမရှိပါဟုဆို၊ ခရီးသည်တင်ယာဉ်တွင် ပါလာသည့် ပါဆယ်ထုပ်များ ဖွင့်ဖောက်စစ်ဆေးရန်နှင့် ထူးခြားမှုတွေ့က အကြောင်းကြားရန် ညွှန်ကြား၊ မြန်မာဘောလုံးအကယ်ဒမီဖွင့်ပွဲ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ တက်ရောက်၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က မြန်မာ့ဘောလုံးအဆင့် တိုးတက်ရန် ကူညီမည်ဟုဆို စသည့် သတင်းများ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

ဇလွန်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လမ်းပေါက်များမရှိစေရေးအတွက် မတ် ၇ ရက်က ကတ္တရာလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမင်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မတ် ၂၀

ဦးအောင်သူသည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီးစိုးတင့်(ငြိမ်း)၊ ဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးစိန်ဝင်း(ငြိမ်း)တို့နှင့်အတူ မတ် ၁၃ ရက်တွင် တပ်မတော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titlesist Pro V1 No.4 ဘောလုံးကို (Mizuno)Mp 62 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၅ ကိုက်အကွာအဝေးရှိ ကျင်းအမှတ်(၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကွန်ကရစ်ခင်း

ကျိုက်လတ်မြို့ မြို့မဈေးကြီး သန့်ရှင်းသာယာရေးအတွက် သားငါးသီးနှံ ပျံကျဈေးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးသူ ဈေးသားများ ပူးပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ နိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ရန်ကုန်မြို့ တော် ဝန် ဦးအောင်သိန်းလင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် Myanmar CP Co., Ltd. ဥက္ကဋ္ဌ Mr. Phichet Sivasri တို့ မြန်မာ CP OPEN & INTER CLUB တင်းနစ်ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ CP OPEN & INTER CLUB တင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် မတ် ၂၀

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar CP Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာ CP OPEN & INTER CLUB တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် တင်းနစ်အားကစားသမားများ၊ အသင်းအုပ်ချုပ်သူများနှင့် နည်းပြများ သတ်မှတ်နေရာ၌ နေရာယူကြပြီး မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍Myanmar CP Co., Ltd. မှ အကြံပေးအရာရှိ ဦးစိုးလွင်က မြန်မာ CP Open & Inter Club တင်းနစ်ပြိုင်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် Myanmar CP Co., Ltd. ဥက္ကဋ္ဌ Mr.Phichet Sivasri တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်းနစ်အားကစား မောင်မယ် ၂၀၀ ကျော်နှင့် အသင်းလိုက်ပြိုင်ပွဲတွင် ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့နောက် ဖွင့်ပွဲနေ့ သတ်မှတ်ထားသော ပြိုင်ပွဲ-ပွဲစဉ်များကို စတင်ကျင်းပကြောင်း သိရှိရသည်။ (သတင်းစဉ်)

လူမှုရေးရန်ပုံငွေရှာဖွေရေး စင်တင်တေးဂီတဖျော်ဖြေပွဲ ကျင်းပ

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းက ကြီးမှူးကျင်းပသည့် လူမှုရေးရန်ပုံငွေရှာဖွေရေး စင်တင်တေးဂီတဖျော်ဖြေပွဲကို မတ် ၁၈ ရက် ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုး၊ အာဆီယံနိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အသင်းအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၏ ဇနီးများနှင့် တေးဂီတဝါသနာရှင်များတက်ရောက် ကြည့်ရှုအားပေးကြသည်။

စင်တင်တေးဂီတဖျော်ဖြေပွဲတွင် တေးဂီတဖျော်ဖြေပွဲ မတည်အလှူရှင် ထူးဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၁၀၀ ကို မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းသို့ လှူဒါန်းခဲ့ကြောင်းနှင့် အဆိုပါ လှူဒါန်းငွေကို နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် စမတောင်ပရဟိတဂေဟာ သောက်သုံးရေရရှိရေးနှင့် သန့်စင်ခန်း တည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ နိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယက အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုးထံ မြန်မာ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း အတွက် ထူးဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၁၀၀ ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၇)၊ အမှတ် (၁၂)ထွက်ရှိ

ရန်ကုန် မတ် ၂၀

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ် (၁၂)တွင် 'ချွကလီးယားယိုစိမ့်မှုတွေကြောင့် အက်စစ်မိုးရွာတယ်ဆိုတာ လုံးဝမဟုတ်ပါဘူး' မိုးလေဝသပညာရှင် ဦးထွန်းလွင်နှင့် တွေ့ဆုံခြင်း၊ ကိုရီးယားက မြန်မာတွင် အထည်ချုပ်စက်ရုံနှစ်ရုံတိုးချဲ့ဖွင့်မည် မြန်မာလုပ်သား ၄၀၀၀ ကျော် အလုပ်အကိုင်များရရှိလာမည်ဖြစ်၊ ဂျပန်ရောက်နေသော မြန်မာများ ငလျင်နှင့် ဆူနာမီတွင် ထိခိုက်မှုမရှိဟုဆို၊ မလေးက မြန်မာတွင် ကားထုတ်လုပ်ရန်ရှိ၊ တရုတ် ARJ လေယာဉ်သုံးစင်း မြန်မာ့လေကြောင်းက ဝယ်မည်၊ မြန်မာနိုင်ငံသားများဘဏ်နှင့် မြဝတီဘဏ် ချိတ်ဆက်၊ လေယာဉ်လက်မှတ်များ အွန်လိုင်းမှဝယ်ယူနိုင်တော့မည်၊ လမ်းအသုံးပြုခ ကောက်ခံခွင့်လိုင်စင်များကို ဒေသခံများကိုသာ လေလံတင်ရောင်းချပေးမည်၊ ဝက်များတွင် ရောဂါပိုးရှိ၊ မရှိ မြန်မာနိုင်ငံ၌ ပထမဆုံးစစ်ဆေးသွားမည်၊ 'ဂျပန်ငလျင်က စူပါမွန်းဖြစ်စဉ်နဲ့ လုံးဝမသက်ဆိုင်ပါဘူး မြန်မာနိုင်ငံအနေနဲ့ ငလျင်ကြီးကြီးမားမား မဖြစ်နိုင်သေးဘူး' နက္ခတ်သိပ္ပံအဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဦးဇေယျာကိုနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် ပါတီငါးခုနှင့် အီးယူတို့ တွေ့ဆုံဆွေးနွေးခဲ့ စသည့် ဖတ်စရာ၊ မှတ်စရာသတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'စီးပွားရေးလုပ်ငန်းရေရှည်လည်ပတ်မှုအတွက် ကောင်းစွာရင်းနှီးမြှုပ်နှံမှုပြုရမှာဖြစ်တယ်' ပါမောက္ခဆူနီးလ်ကူးမားနှင့် The Straits Times မဂ္ဂဇင်းတို့ တွေ့ဆုံခြင်း၊ ဂျပန်ဆူနာမီ နောက်ဆုံးရသတင်းများ၊ ရေနံဈေးနှုန်းမြင့်တက်လာခြင်းက ကမ္ဘာ့စီးပွားရေးကို ထိခိုက်လာစေဖွယ်ရှိ၊ အစာအိမ်ရောဂါ သတိထားပါ ကင်ဆာဖြစ်နိုင်သည့်အဆင့် အမှတ်(၁)အဖြစ် WHO က သတ်မှတ်ထား စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ရေကူးဒိုင်လူကြီး မွမ်းမံသင်တန်းဖွင့်လှစ်

ရန်ကုန် မတ် ၂၀

အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ ကြီးမှူးဖွင့်လှစ်သည့် ရေကူးဒိုင်လူကြီး မွမ်းမံသင်တန်း(၁/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၈ ရက် နံနက် ၉ နာရီက ကျိုက္ကဆံအမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်၌ ကျင်းပရာ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ ဒုတိယညွှန်ကြားရေးမှူး(အား/ကာ)နှင့် အမှုဆောင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယခု ဒိုင်လူကြီးမွမ်းမံသင်တန်းနှင့် ဆွေးနွေးပွဲကို သင်တန်းသား၊ သင်တန်းသူ ၂၅ ဦးတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်နှင့် ဒိုင်လူကြီး ဦးသိန်းဝင်းတို့က ပြိုင်ပွဲကျင်းပရေးနှင့် နောက်ဆုံး ပြောင်းလဲလိုက်သည့် ရေကူးဥပဒေသများကို သင်ကြားပို့ချပေးသည်။

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်သည် ၂၀၁၃ ခုနှစ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရေကူးပြိုင်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး ကမ္ဘာ့ရေကူးအဖွဲ့ချုပ် (FINA) နှင့် ဆက်သွယ်၍ နိုင်ငံတကာ ရေကူးဒိုင်လူကြီး သင်တန်းနှင့် နည်းပြသင်တန်းများကို ဖွင့်လှစ်ရန် စီစဉ်နေကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင် အဖွင့်အမှာစကား ပြောကြားစဉ်။ (ကြေးမုံ)

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၀

နေပြည်တော်၌ ဒုတိယအကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပ ရတနာကုန်သည် ၈၇၀၀ တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသည့် ကျောက်စိမ်းအတွဲများကို အပြိုင်အဆိုင်ဝယ်ယူကြသည်။

ကြည့်ရှုလေ့လာ

ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် နံနက်ပိုင်းမှ စတင်ကာ ရတနာကုမ္ပဏီများမှ ခင်းကျင်းပြသထားသော ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့အတူ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချသည့် ကျောက်စိမ်းအတွဲများကို အပြိုင်အဆိုင် ဝယ်ယူကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံ၍ လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးကြပြီး ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် မတ် ၂၂ ရက်အထိ ဆက်လက်ရောင်းချ သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပုသိမ်မြို့ အထက(၄) (ယခင်ပိုးကရင်ကျောင်း) ၁၉၆၂-၁၉၉၁ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မတ် ၂၆ ရက်(စနေနေ့)တွင် ကျင်းပမည့် ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲအတွက် ပုသိမ်မြို့ မြေနုလမ်းနေ ဒေါက်တာမောင်မောင်သန်း၊ ဒေါက်တာအေးအေးမြင့် (သွားနှင့်ခံတွင်းအထူးကုဆေးခန်း) မိသားစုက အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ကျင်းပရေးအဖွဲ့ လက်ခံရယူစဉ်။ (၅၅၂)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

(၂၆၃)စင်းမြောက် ဝဲလောင်တံတားဖွင့်ပွဲ အခမ်းအနား ကျင်းပ

တောင်သာမြို့နယ် ရန်ကုန်-ပြည်-မန္တလေးလမ်းပေါ်ရှိ ဝဲလောင်တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ရန်ကုန်-ပြည်-မန္တလေးလမ်းပေါ်ရှိ အရှည်ပေ ၃၀၀ (၂၆၃)စင်းမြောက် ဝဲလောင်တံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❐

(၆၆)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု

☆ ကျော်မင်းခေါင် ၏

ခေတ်အဆက်ဆက် သမိုင်းပေးတာဝန် ကျေပွန်ခဲ့သည့် မြန်မာ့တပ်မတော် (ဆောင်းပါး) (စာမျက်နှာ- ၈ -၉)

☆ ဖိုးရန်နိုင်(ကျောက်ကြီး) ၏

ပြည်ချစ်သားတို့ လာချေပြီ(ကဗျာ) (စာမျက်နှာ-၉)

ထူးခြားသည့်နေ့အပူချိန်

၂၀-၃-၂၀၁၁

မင်းဘူး

၃၈ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်များ

ပူတာအို

၁ ဒသမ ၁၈ လက်မ

ကော့သောင်း

၁ ဒသမ ၁၄ လက်မ